မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ နယုန်လဆန်း ၈ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၃၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၃၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ကိုရီးယားသမ္မတနိုင်ငံ၌ ကျင်းပမည့် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ထွက်ခွာသွားသော

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် မေ ၃၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ လီမြောင်ဘတ်၏ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံ ဂျေဂျူးကျွန်း၌ ကျင်းပမည့် အာဆီယံ-ကိုရီးယားဆွေးနွေးဖက်ဆက်ဆံရေး နှစ်(၂၀)ပြည့်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအဖြစ် ကျင်းပမည့် နှစ်နိုင်ငံချင်း ထိပ်သီးအစည်းအဝေးနှင့် အာဆီယံ-ကိုရီးယားအမှုဆောင်အရာရှိချုပ် အစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့ညနေ ၄နာရီတွင် အထူးလေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် *စာမျက်နှာ ၃ ကော်လံ ၁* ■

နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုရီးယားသမ္မတနိုင်ငံ ဂျေဂျူးကျွန်း၌ ကျင်းပမည့် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေး နှစ်(၂၀)ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအဖြစ် ကျင်းပမည့် နှစ်နိုင်ငံချင်း ထိပ်သီးအစည်းအဝေးနှင့် အာဆီယံ-ကိုရီးယား အမှုဆောင်အရာရှိချုပ် အစည်းအဝေးများသို့ တက်ရောက်ရန် ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

31-5 (01).pmd 1 5/31/2009, 2:18 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မေ ၃၁ ရက်)

ကျန်းမာကြံ့ခိုင်သောနိုင်ငံ့သားကောင်းရတနာများဖြစ်ရေး ဆေးလိပ်သောက်သုံးခြင်းမှရှောင်ကြဉ်ပေး

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် နှစ်စဉ်မေလ၃၁ရက်နေ့ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အဖြစ် သတ်မှတ်ထားသည်။

ကျန်းမာကြံ့ခိုင်မှုရရှိရေးသည် လူတိုင်းအတွက် အလေးဂရုပြုကြရမည့်အချက်ဖြစ်ပြီး လူတိုင်း ကျန်းမာကြံ့ခိုင်မှုရှိမှ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး လူမှုဘဝချမ်းသာမှုနှင့် ပြည့်စုံစွာနေထိုင်နိုင်ကြမည် ဖြစ်သည်။

ပြည်သူများ၏ ကျန်းမာရေးအတွက် သတိပြုဆင်ခြင်အပ်သည့် အကြောင်းအရာမှာ ဆေးလိပ်သောက်သုံးမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ဖြစ်သည်။ ဆေးလိပ်သည် သောက်သုံးသူများကိုသာမက ဆေးလိပ်မီးခိုးငွေ့ကို ရှူရှိုက်မိသောသူများအတွက်ပါ အန္တရာယ်ဖြစ်စေသည်။

ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးခြင်းကြောင့် လူတို့တွင် ရောဂါဝေဒနာများ အများဆုံးနှင့် သေဆုံးမှုအများဆုံး ဖြစ်ခဲ့ရသည်။ ဆေးလိပ်ကို နှစ်ရှည်လများ သောက်သုံးသူတို့တွင် လျှာနှင့် အာခေါင်ရှိ နူးညံ့သောအမြှေးပါးသည် ပိုမိုထူထဲလာပြီး အနံ့အရသာကို စူးရှစွာခံစားနိုင်မှု လျော့ပါးလာသည်။ ဆေးလိပ်သောက်ခြင်းကြောင့် တံတွေးခန်းခြောက်လျှင် ခံတွင်း၌ အောက်ဆီဂျင်မလိုသော ပိုးမွှားများ ပိုမိုများပြားလာပြီး ယင်းပိုးမွှားကြောင့် သွားဖုံးတွင် ရေစီးကမ်းပြိုရောဂါ ဖြစ်ပွားနိုင်သည်။

ဆေးလိပ်သောက်သူများသည် အဆုတ်ကင်ဆာဖြစ်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ ရုတ်တရက် နှလုံးရပ်ခြင်း၊ လေဖြတ်ခြင်းစသည့် ရောဂါများလည်း ဖြစ်ပေါ်စေနိုင်သည်။

ဆေးလိပ်သောက်သုံးခြင်း အန္တရာယ်သည် အမျိုးသမီးများတွင် ပိုမိုသိသာစွာထင်ရှားပြီး အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များတွင် ဆေးလိပ်၏အငွေ့များသည် သန္ဓေသားထံပေးပို့သော သွေးကြောများကို ထိခိုက်စေသဖြင့် သားပျက်၊ သားလျှောဖြစ်စေသည်။

ယခုအခါ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်နိုင်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးသူ၏ နောက်ဆက်တွဲဖြစ်သည့် လူမှုစီးပွားရေးပြဿနာများ လျော့ကျစေနိုင်မည် ဖြစ်သည်။

သို့ဖြစ်ပေရာ လူတိုင်းကျန်းမာကြံ့ခိုင်သော လူမှုဘဝချမ်းသာမှုနှင့် ပြည့်စုံစေရန်၊ ကျန်းမာပျော်ရွှင်သော မိသားစုဘဝရရှိရန်နှင့် နိုင်ငံတော်အတွက် ကာယစွမ်းအား၊ ဉာဏစွမ်းအားများပေးနိုင်သော နိုင်ငံ့သားကောင်းရတနာများဖြစ်စေရန် ဆေးလိပ်သောက်ခြင်းကို သတိပြုရှောင်ကြဉ်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၃၁-၅-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှသတ္တဝါများ** (အပိုင်း-၂၈)
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
၁၃:၃၀ ၆။ ကျန်းမာသုတ
၁၃:၄၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်** (အပိုင်း-၅၂)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၄၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၅၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၁။ လျှပ်တစ်ပြက်
၆:၄၅ ၁၂။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဆယ်ကျော်သက်သတို့သမီး** (အပိုင်း-၁)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ပဟေဠိနန်းတော်
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တရားရှင်နှင့် ကျန်ကျောင်း** (အပိုင်း-၁၃)

စစ်ကိုင်းတိုင်း ကျောင်းအပ်နှံရေးနေ့ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့်ဇနီး တက်ရောက်

နေပြည်တော် မေ ၃၀

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဇနီးတို့သည် မေ ၂၇ရက်က စစ်ကိုင်းတိုင်း မုံရွာမြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပသော ၂၀၀၉-၂၀၁၀ ပညာသင်နှစ် စစ်ကိုင်းတိုင်း ကျောင်းအပ်နှံရေးနေ့ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းမှူးက အဖွင့်အမှာစကားပြောကြားကာ တိုင်းပညာရေးမှူးက ကျောင်းအပ်နှံရေးနေ့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီးတို့က အလှူငွေများပေးအပ်လှူဒါန်းကြရာ တိုင်းပညာရေးမှူးက လက်ခံသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်ရာ ခရိုင်ပညာရေးမှူးများက လက်ခံကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး၊ဇနီးနှင့် အဖွဲ့ဝင်များသည် မုံရွာမြို့ပေါ်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ဆူးလေကုန်းရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း၊ ဒေါနခြံရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းနှင့် အောင်ချမ်းသာရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းများသို့ သွားရောက်ကာ ကျောင်းသားကျောင်းသူများအား ကျောင်းအပ်လက်ခံနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ကျောင်းသားကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထားဝယ်စည်ပင် တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်

ထားဝယ် မေ ၃၀

ထားဝယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများတွင် ဝက်တုပ်ကွေး ရောဂါကြိုတင်တားဆီးကာကွယ်သည့်အနေဖြင့် သန့်ရှင်းလတ်ဆတ်သောဝက်သားများ စနစ်တကျရောင်းချနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနတို့ ပူးပေါင်းကြပ်မတ်ကာ ဈေးဆိုင်များကို စစ်ဆေးကြပ်မတ်မှုများ ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ မရမ်းကုန်းမြို့နယ်၌ ကျင်းပ

ရန်ကုန် မေ ၃၀

မရမ်းကုန်းမြို့နယ် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၅ရက် နံနက် ၉နာရီက မရမ်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စန္ဒိမာခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းမြင့်က မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး ကျင်းပရခြင်းအကြောင်း ရှင်းလင်းဆွေးနွေးသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာများနှင့် မြို့နယ်လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

လှူဒါန်း

အခမ်းအနားတွင် မြို့နယ်အတွင်းရှိ ချို့တဲ့ကလေး ၄၁ဦးအတွက် ကျောင်းသုံးပစ္စည်း၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံ စုစုပေါင်းတန်ဖိုးငွေကျပ် ၄၁၀၀၀၀ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကလည်းကောင်း၊ ကျောင်းသုံးပုံနှိပ်စာအုပ်တန်ဖိုး ကျပ် ၃၆၈၀၀၀ကို မြို့နယ်ပညာရေးဌာနကလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက ကျောင်းသူတစ်ဦးထံ ပေးအပ်သည်။ **(ယာပုံ)** **(မြို့နယ် ပြန်/ဆက်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၅-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်-ပရိတ်နိဒါန်း မင်္ဂလသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ဘဝတန်ဖိုး လူ့တန်ခိုး** တရားတော် (ယောဆရာတော်ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၁၇)
၈:၃၀ Sunday Talk [ဒေါက်တာအောင်ထွန်းသက်၊ မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
၉:၃၀ Sports World (Quiz)
၁၀:၀၀ ဆန့်ကျင်ကာကွယ် ဆေးလိပ်အန္တရာယ် [ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)]
၁၀:၂၅ တေးဂီတအစီအစဉ်
၁၀:၄၀ အမှောင်ခွင်းလို့ အလင်းဆောင်ခဲ့တယ် ရခိုင်တို့ဒေသ အမ်းမြို့နယ် (အပိုင်း-၂)
၁၁:၀၀ ဘဝများ (ဂီတပညာရှင် နိုင်ဇော်၏ဘဝ)
၁၁:၃၀ ဟိုတယ်လမ်းညွှန် (The Hotel Amara)
၁၂:၀၅ ဗီဒီယိုပြခန်း
၁၂:၂၅ World of Knowledge (Orangutan Island)
၁၂:၄၅ မန္တလာမြေမှ Diamond Plaza
၁:၀၀ **ဘဝတန်ဖိုး လူ့တန်ခိုး** တရားတော် (ယောဆရာတော်ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ အရှေ့မြောက်တိုင်းမှ စိုက်ပျိုးအောင်မြင် လီလီပန်းပင်
၃:၀၀ လရောင်အေးထဲက လေးနက်သောအိပ်မက်များ
၃:၁၅ တေးဂီတအစီအစဉ်
၃:၂၅ သတင်းကောင်း (သျှားညို၊ ဆုပန်ထွာ၊ ပွင့်) (ဒါရိုက်တာ ညိုမင်းလွင်)
၃:၅၀ ရွှေချယ်အစုံစုံရင်သွေးရိပ်မြုံ (MIEC Pre School ပညာရိပ်မြုံအကြောင်း သိကောင်းစရာ)
၄:၀၅ များးလူဝေနေကုသိုလ်ယူ ပန်းတဉ်းတန်း၏ ရွှေစင်အလှူ
၄:၁၅ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်
၄:၃၀ မြန်မာ့တူရိယာစည်တော်ကြီး
၄:၄၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ညွှန့်ညွှန့်စိန်)
၅:၀၀ MRTV-4 ကာတွန်းအစီအစဉ်
၅:၃၀ Sports World (Quiz)
၆:၀၀ MRTV-4 သတင်း
၆:၁၅ Sunday Talk [ဒေါက်တာအောင်ထွန်းသက်၊ မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
၇:၀၅ ဘဝများ (ဂီတပညာရှင် နိုင်ဇော်၏ဘဝ)
၇:၃၅ VJ Choice
၈:၀၀ MRTV-4 သတင်း
၈:၁၅ အရှေ့မြောက်တိုင်းမှ စိုက်ပျိုး အောင်မြင် လီလီပန်းပင်
၈:၃၀ ဟိုတယ်လမ်းညွှန် (The Hotel Amara)
၉:၀၅ Sports World (Quiz)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **(ရှင်သန်လာသော နှလုံးသား)** (အပိုင်း-၁၇)
၁၀:၀၀ ကမ္ဘာ့စုံလင်အားကစားအစီအစဉ်
၁၁:၄၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ညွှန့်ညွှန့်စိန်)
၁၂:၀၅ VJ Choice
၁၂:၃၅ ဆန့်ကျင်ကာကွယ် ဆေးလိပ်အန္တရာယ် [ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ)]
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Series A-38 ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၃၀	Fiorentina-Milan	5-Cartoons (Live)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မကွေးတက္ကသိုလ် ပင်မအဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာတွင် မျိုးချစ်စိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် မေ ၃၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မေ ၂၈ရက် နံနက်ပိုင်းတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဖြည့်စွက်ရှင်းလင်း

ထိုသို့ တွေ့ဆုံရာတွင် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆောက်လုပ်ရေး၊ စည်ပင်သာယာရေးနှင့် စိုက်ပျိုးရေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရာတွင် မျိုးချစ်စိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

တွေ့ဆုံမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မကွေးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မကွေးတက္ကသိုလ်သို့ ရောက်ရှိ၍ ပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ကထိကများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တည်ဆောက်ဆဲ မကွေးတက္ကသိုလ် ပင်မအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး သင်ကြားရေးဆေးရုံ (မကွေး)သို့ ရောက်ရှိ၍ ဆေးတက္ကသိုလ် (မကွေး)မှ ကျောင်းသားများ၏ လက်တွေ့စာမေးပွဲ ဖြေဆိုနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဆေးတက္ကသိုလ် (မကွေး)သို့ ရောက်ရှိ၍ စာသင်ခန်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများအား တွေ့ဆုံကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် နည်းပညာတက္ကသိုလ် (မကွေး)သို့ ရောက်ရှိ၍ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မကွေးမြို့နယ်အတွင်းရှိ မြေပဲနှင့် အခြား သီးနှံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် နတ်မောက်မြို့သို့ ရောက်ရှိသည်။

ပေါင်းစပ်ညှိနှိုင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် နတ်မောက်မြို့နယ်ခန်းမ၌ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့အင်္ဂါရပ်နှင့်ညီညွတ်အောင် ဆောင်ရွက်ရေးတို့အတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် နတ်မောက်တပ်နယ်ရှိ နယ်မြေခံတပ်ခန်းမ၌ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပြန်လည်ရောက်ရှိ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် နတ်မောက်-ပျော်ဘွယ်လမ်းနှင့် ရန်ကုန်-မန္တလေးလမ်းအတိုင်း မော်တော်ယာဉ်ဖြင့် ထွက်ခွာလာရာ ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

■ *ရှေ့ဖုံးမှ*

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Chung In-Gyun နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ကြိုတင်ထွက်ခွာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါသွားကြပြီး အဖွဲ့ဝင်ဖြစ်သည့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် မေ၂၇ရက်တွင် ကိုရီးယားသမ္မတနိုင်ငံသို့ ကြိုတင်ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၂၀)ဖြန့်ချိ

ရန်ကုန် မေ ၃၀

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၂၀)၌ နာဂစ်မုန်တိုင်းကြောင့် ထိခိုက်ခဲ့သည့်ဒေသကြီးများအတွက် အီတလီအစိုးရက ကန်ဒေါ်လာငါးသန်းကျော် ထောက်ပံ့မည်သတင်းနှင့်အတူ နည်းပညာအသစ် ရှာဖွေတွေ့ရှိမှု "အင်ဂျင်အား ၈၀၀၀စီစီရှိ ကားကြီးများ ရေဓာတ်ငွေ့ဖြင့် စမ်းသပ်မောင်းနှင်" Myanmar Discovery၊ စာပေရသ ခံစားလိုသူများအတွက် ဆရာမန်းတင်၏ 'ရွှေးကောက်ပွဲ' Myanmar Channel၊ ခေတ်ပေါ်နည်းပညာနှင့် ဂိမ်းများအကြောင်း လေ့လာလိုသူများအတွက် ' X-MEN Origins Wolvering ဂိမ်းသုံးသပ်ချက်' Tech View ကဏ္ဍ၊ မြန်မာ-အိန္ဒိယနယ်စပ်ဈေးများ ဖွင့်လှစ်ရန်စီစဉ်၊ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါး အလွဲသုံးမှုအန္တရာယ် စာသင်ကျောင်းများတွင် ပညာပေး၊ မြန်မာဝန်ထမ်းများကို ကူဝိတ်မှ တိုက်ရိုက်လာရောက်ခေါ်ယူ၊ လက်ဖက်တွင် ဓာတုဆိုးဆေး အသုံးပြုတော့မည်မဟုတ်ဟု လက်ဖက်တောင်သူများ ကတိပြု စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ "တားမြစ်အစားအစာတွေကို မရောင်းချဖို့ သဘောတူမှ ကျောင်းတွင်းဈေးရောင်းခွင့်ကို ခွင့်ပြုသွားမှာဖြစ်ပါတယ်" ရန်ကုန်တိုင်း ကျောင်းကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာခင်စောရီနှင့် ဖလားဝါးနယူးစ်ဂျာနယ်တို့ တွေ့ဆုံမေးမြန်းခြင်း၊ ရိုးရိုးသားသား စီးပွားရှာကြသူများ၊ အရည်အသွေးအာမခံချက်ကဲ့သို့သော ရှုမြင်သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီ ဖြစ်သည်။

ဘားရတ်အိုဘားမားရေး၍ မြင့်နောင်မိုး ဘာသာပြန်ဆိုထားသော 'အဖေ့ဆီက အိပ်မက်များ (၂၅)'၊ 'သံခင်း တမန်ခင်း ဆောင်ရွက်မှုအပေါ်မှာ စိတ်ရှည်သည်းခံဖို့ လိုအပ်တယ်' အီရန်ဆိုင်ရာ စေ့စပ်ဆွေးနွေးသူဟောင်း နစ်ကိုးလက်စ်ဘန်းစ်နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ နိုင်ငံရပ်ခြား လုပ်သားတို့၏ ငွေလွှဲပေးမှုက ဖိလစ်ပိုင်၏ စီးပွားရေးကို ဖြည့်စွမ်းပေးလျက်ရှိ၊ အိန္ဒိယအစိုးရသစ်၏ လုပ်ငန်းစဉ်မှာ စီးပွားရေး၊ တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် လူအချင်းချင်းပေါင်းစည်းရေးဖြစ်၊ ကိုယ့်ကိုယ်ကိုသတ်သေမည့်သူအား လမ်းသွားလမ်းလာတစ်ဦးက တံတားပေါ်မှ တွန်းချ၊ ပန်းရောင်ဘောင်းဘီတိုဝတ်ဖြင့် တိုက်ပွဲဝင်ခဲ့သော အမေရိကန်စစ်သားလေး အမျိုးသမီးများကြား ရေပန်းစားနေ၊ ကာကွယ်ရေးဝန်ကြီးက အမျိုးသမီးစစ်သည်များအား ရှေ့တန်းစစ်မြေပြင်တွင် တာဝန်ထမ်းဆောင်ခွင့်ပြုရန် အသင့်ရှိ စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေး သုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ပညာသင်စရိတ်ပေးအပ်

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ရဲတပ်ဖွဲ့စခန်းရှိ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ မွှမ်းမံ သင်တန်းကျောင်း ရဲကျော်စွာခန်းမတွင် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့အတွင်းရှိ တပ်ဖွဲ့ဝင် သားသမီး ကျောင်းသူ ကျောင်းသားများအတွက် အလှူရှင်များမှ ပညာသင်စရိတ် ပေးအပ်ပွဲကို ယနေ့နံနက် ၉နာရီခွဲက ကျင်းပရာ အလှူရှင် ဦးဝင်းလွင် (ကျော်သာကုမ္ပဏီ) အပါအဝင် အလှူရှင် ၁၆ဦးတို့က ကျောင်းသုံးစာရေးကိရိယာနှင့် ကျောင်းဝတ်စုံ စုစုပေါင်း တန်ဖိုး ကျပ် ၅၈၉၆၀၀၀ကို ပေးအပ်လှူဒါန်းရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ခိုင်ဦးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့သည်။ **(ယာပုံ)**

(ခရိုင်ရဲတပ်ဖွဲ့)

ဆေးလိပ်ဖြတ်ကြစို့

* ချွေးနဲ့ဆိုးဆိုး၊ ဆီးနဲ့ဆိုးနှင့်
ကောင်းကျိုးမပေး၊ ဆေးလိပ်ဘေးကို
မျှော်တွေးပိုင်ပိုင်၊ စိတ်ခိုင်ခိုင်ဖြင့်
အနိုင်ယူကာ၊ ရှောင်ကြရာ၏။

* ကျန်းမာလူမှု၊ ဘာတစ်ခုမျှ
ကောင်းမှုမပေး၊ ဆိုးကျိုးပေးသည့်
ဆေးလိပ်အမည်ခံ၊ မီးခိုးရန်ကို
တုံ့ပြန်ထိုးနှက်၊ ဝိုင်းဝန်းဖျက်လော့။

* မူးယစ်အစ၊ ဆေးလိပ်ကတည့်
ဒုက္ခကင်းအောင်၊ ဆေးလိပ်ရှောင်၍
လူ့ဘောင်လှပ၊ ချမ်းသာရအောင်
နေပစ္စည်း၊ မပြုန်းတီးအောင်
ချည်းနှီးကာလ၊ မကုန်ရအောင်
ဘဝလည်းမြင့်၊ လူလည်းတင့်အောင်
မျှော်လင့်ချက်ပိတ်၊ သည်ဆေးလိပ်ကို
ဘေးချိတ်ချောင်ပို့၊ ဖြတ်ကြစို့။ ။

တက္ကသိုလ် ညိုညိုသန့်

၂၀၀၉ခုနှစ်၊ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

World No-Tobacco Day, 2009

ဆေးလိပ်အန္တရာယ်ဆင်ခြင်ဖို့

ကျန်းမာရေးအတွက် သတိပေးစို့

"Tobacco Health Warnings"

မေလ (၃၁)ရက် 31st May

မရမ်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုဝင်များအား ပညာသင်စရိတ်ပေးအပ်

ရန်ကုန် မေ ၃၀

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုဝင် ကျောင်းသား ကျောင်းသူများအား ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ပေးအပ်ပွဲ အခမ်းအနားကို မေ၂၉ရက်မွန်းလွဲ၂နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းနှင့် ဇနီး ဒေါ်လှလှဝင်းတို့က ဝန်ထမ်းမိသားစုဝင် ကျောင်းသား ကျောင်းသူ ၁၉ဦးတို့အား ငွေကျပ် ၂၄၇၁၅၄ တန်ဖိုးရှိ ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်စရိတ်များကို ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၁၃၅)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ဘင်္ဂလားဒေ့ရှ် လေဘေးကယ်ဆယ်ရေးရန်ပုံငွေ တရုတ်ကြက်ခြေနီအသင်း ပေးအပ်

ဒါကာ မေ ၃၀

ဆိုင်ကလုန်းမုန်တိုင်း ကျရောက်ခဲ့သည့် ဘင်္ဂလားဒေ့ရှ်တောင်ပိုင်း လေဘေးကယ်ဆယ်ရေးလုပ်ငန်းအတွက် တရုတ်ကြက်ခြေနီအသင်းက ဘင်္ဂလားဒေ့ရှ် လခြမ်းနီအသင်းသို့ အရေးပေါ် အကူအညီငွေတာကာ ၂၀၅၀၀၀(အမေရိကန်ဒေါ်လာ ၃၀၀၀၀ခန့်)ပေးအပ်လှူဒါန်းလိုက်သည်။

ပေးအပ်

ဘင်္ဂလားဒေ့ရှ်ဆိုင်ရာ တရုတ်သံအမတ်ကြီးကျန်က ဒါကာမြို့၌ ဘင်္ဂလားဒေ့ရှ် လခြမ်းနီအသင်းဥက္ကဋ္ဌ အမ်အက်စ် အဂ္ဂဘာထံ အရေးပေါ် အကူအညီငွေကို မေ၂၈ရက်က ပေးအပ်လိုက်ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂျာမနီနိုင်ငံမှ ဆိုက်ရောက်လာသည့် လေယာဉ်အတွင်း ခရီးသည်များအား A(H1N1) ရောဂါ ကာကွယ်ရေးလုပ်ငန်းအဖြစ် ကျန်းမာရေးဆေးစစ်မှု ပြုလုပ်နေသည်ကို မေ ၂၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မက္ကဆီကိုမှ A(H1 N1) တုပ်ကွေးရောဂါအခြေအနေ ကူးစက်သူ ၅၀၂၉ ဦးရှိပြီး သေဆုံးသူ ၉၇ ဦးရှိ

မက္ကဆီကိုစီးတီး မေ ၃၀

မက္ကဆီကိုနိုင်ငံတွင် A(H1 N1) တုပ်ကွေးရောဂါဖြင့် မေ၂၈ရက်က နောက်ထပ်နှစ်ဦး သေဆုံးသွားသည့်အတွက် တစ်နိုင်ငံလုံးတွင် A(H1 N1) တုပ်ကွေးရောဂါဖြင့် သေဆုံးသူပေါင်း ၉၇ဦး ရှိသွားပြီ ဖြစ်ပြီး ယင်းရောဂါ ဖြစ်ပွားသူပေါင်းမှာ စုစုပေါင်း ၅၀၂၉ ဦးရှိသွားပြီ ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မေ ၂၉ ရက်တွင် အတည်ပြုကြေညာသည်။

နှိုးဆော်ထား

မက္ကဆီကို ပြည်သူများအနေဖြင့် ပုံမှန်လက်ဆေးကြောကြရန်နှင့် ခေါင်းကိုက် ဇက်ထိုး နှာရည်ယိုခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ အသက်ရှူကျပ်ခြင်း စသော တုပ်ကွေးရောဂါ လက္ခဏာများ ကြုံတွေ့လျှင် နီးရာ ဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ကြရန် ကျန်းမာရေးဝန်ကြီးဌာနက နှိုးဆော်ထားသည်။ **(အမ်အင်အေ/ဆင်ဟွာ)**

ပနားမား၌ A(H1N1)ဖြစ်ပွားသူ ၁၃၀အထိတိုးမြင့်လာ

ပနားမားစီးတီး မေ ၃၀

ပနားမားနိုင်ငံ ပနားမားစီးတီးမြို့၌ A(H1N1) တုပ်ကွေးရောဂါခံစားရသူဦးရေ ၁၃၀အထိ မြင့်တက်လာကြောင်း မေ ၂၉ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

၎င်းနိုင်ငံ၌ A(H1N1)တုပ်ကွေးရောဂါ ဖြစ်ပွားမှုအများဆုံး ကိုလုံပြည်နယ်၌ ယင်းရောဂါခံစားရသူ ၂၂ဦးရှိကြောင်း အဆိုပါသတင်း၌ ပါရှိသည်။

(အင်တာနက်)

အိုင်လာ ဆိုင်ကလုန်းမုန်တိုင်းကြောင့် ဘင်္ဂလားဒေ့ရှ်၌ ၁၄၇ဦး သေဆုံးခဲ့ရ

ဒါကာ မေ ၃၀

ဘင်္ဂလားဒေ့ရှ် အနောက်တောင်ပိုင်းကမ်းခြေတွင် မေ ၂၅ရက်က အိုင်လာ ဆိုင်ကလုန်း မုန်တိုင်း ဝင်ရောက်တိုက်ခတ်သွားသည့်အတွက် ၁၄၇ဦး သေဆုံးကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရက မေ ၂၈ရက်၌ အတည်ပြုကြေညာသည်။

ပျောက်ဆုံး

မေ ၂၈ရက် မွန်းလွဲပိုင်းက ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်တွင် အိုင်လာ မုန်တိုင်းကြောင့် သေဆုံးသူ ၁၄၇ဦးရှိပြီး ၁၀ဦးပျောက်ဆုံးနေကြောင်း ဖော်ပြပါရှိသည်။

မုန်တိုင်းဒဏ်ခံ

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သည့် အိုင်လာဆိုင်ကလုန်းမုန်တိုင်းသည် တစ်နာရီလျှင် မိုင် ၇၀မှ ၉၀နှုန်းဖြင့် မေ ၂၅ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်တောင်ပိုင်းကို ဖြတ်ကျော်တိုက်ခတ်သဖြင့် လူ ၆၅၀၀ဒဏ်ရာရပြီး ကမ်းခြေခရိုင် ၁၅ ခရိုင်မှ ပြည်သူ ၃ဒသမ၄၇သန်းတို့ မုန်တိုင်းဒဏ်ခံခဲ့ကြရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရာသီဥတုဖောက်ပြန်မှု၏ ဆိုးကျိုး နှစ်စဉ်ပြည်သူ ၃၁၅၀၀၀ခန့် သေဆုံးခဲ့ရ

လန်ဒန် မေ ၃၀

ရာသီဥတုဖောက်ပြန်မှုကြောင့် ရိက္ခာရှားပါးကာ ငတ်မွတ်ခေါင်းပါးမှု၊ နာမကျန်းဖြစ်မှု၊ ရေဘေး၊လေဘေးတို့နှင့် ရင်ဆိုင်ရကာ နှစ်စဉ်ပြည်သူ ၃၁၅၀၀၀ခန့် သေဆုံးကြောင်း၊ ၂၀၃၀ပြည့်နှစ်အရောက်တွင် နှစ်စဉ်သေဆုံးရသူပေါင်း ၅၀၀၀၀၀အထိ တိုးလာနိုင်ကြောင်း မေ ၂၉ရက်က အစီရင်ခံစာတစ်စောင်တွင် ဖော်ပြသည်။

ဖော်ပြထား

ဂျီနီဗာအခြေစိုက် တစ်ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာထောက်ထားရေးဖိုရမ်(ဂျီအိတ်ချ်အက်ဖ်)၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ၌ အထက်ပါအတိုင်း ဖော်ပြထားခြင်းဖြစ်သည်။

ကြုံတွေ့

ရာသီဥတုဖောက်ပြန်မှုသည် မျက်မှောက်ကာလတွင် လူသားတို့ကြုံတွေ့နေရသော အကြီးမားဆုံး စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအန်နန်က ပြောကြားသည်။ အမ်အင်န်အေ၊ရိုက်တာ

ပါကစ္စတန်နိုင်ငံ မြောက်ပိုင်းရှိ ပက်ရှဝါမြို့အဝင် စစ်ဆေးရေးဂိတ်၌ ဗုံးပေါက်ကွဲမှုကြောင့် မီးလောင်မှုဖြစ်ပွားနေသည်ကို မေ ၂၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂျပန်နိုင်ငံတောင်ပိုင်း ကာရီတာမြို့ရှိ နီဆန်မော်တော်ကားကုမ္ပဏီ၏ ကားထုတ်လုပ်ရေးလုပ်ငန်းခွင်ကို မေ ၂၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



ဗုံးဖောက်ခွဲမှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး အာဖဂန်နစ္စတန်တောင်ပိုင်း၌ သေဆုံး

လန်ဒန် မေ ၃၀

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွားရာတွင် ရရှိခဲ့သည့်ဒဏ်ရာဖြင့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး မေ ၂၈ရက်က သေဆုံးကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

၎င်းတပ်ဖွဲ့ဝင်သည် တော်ဝင်မရိန်းတပ်မှဖြစ်ပြီး ဟယ်လ်မန့်ပြည်နယ် လက်ရှ်ကာဂါးမြို့အနီး၌ ပေါက်ကွဲမှုဖြစ်ပွားရာမှ ဒဏ်ရာရရှိခဲ့သည်။

သေဆုံး

၎င်းအား ဘာမင်ဂမ်မြို့တွင် အထူးကုသနိုင်ရန်အတွက် ဗြိတိန်သို့ သယ်ဆောင်မသွားမီ အာဖဂန်ရှိ စစ်ဆေးရုံတွင် ကုသပေးခဲ့ရာမှ မေ ၂၉ရက်တွင် သေဆုံးခဲ့သည်။ အာဖဂန်တွင် ၂၀၀၁ခုနှစ်အတွင်း မငြိမ်မသက်မှုများ ဖြစ်ပွားပြီးနောက် သေဆုံးခဲ့သည့် ဗြိတိသျှတပ်ဖွဲ့ဝင်ဦးရေသည် ဖော်ပြပါ တပ်ဖွဲ့ဝင်နှင့်ဆိုပါက ၁၆၂ဦးရှိပြီဖြစ်သည်။

အမ်အင်န်အေ၊ ရိုက်တာ

တာလီဘန်တို့ အကြမ်းဖက်တိုက်ခိုက်မှု အာဖဂန်တပ်ဖွဲ့ဝင်များ ထိုးစစ်ဆင်တိုက်ခိုက်

ကဘူးလ် မေ ၃၀

အာဖဂန်နစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဘက်ချ်ဟစ်ပြည်နယ်၌ မေ ၂၉ရက်က အာဖဂန်တပ်ဖွဲ့ဝင်များ၏ စစ်ဆင်ရေးတစ်ရပ်တွင် ၂၄ဦးသေဆုံးရာ တာလီဘန်လက်နက်ကိုင်များဟု ယူဆရသူ ၁၈ဦးပါဝင်ကြောင်း မေ ၃၀ရက်တွင် ပြည်နယ်အာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်သည်။

ပြန်လည်ထိုးစစ်ဆင်

ယင်းနေ့၌ပင် ဘာလာမြူဟက်ချ်ဒေသတွင် အာဖဂန်တပ်ဖွဲ့ကို တာလီဘန်လက်နက်ကိုင်များ ချောင်းမြောင်းပစ်ခတ်မှုဖြစ်ပွားရာ အာဖဂန်လုံခြုံရေးတပ်ဖွဲ့က ပြန်လည်ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ရာမှ တာလီဘန် ၁၈ဦးသေဆုံးခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။အဆိုပါ နာရီပေါင်းများစွာ တိုက်ပွဲအတွင်းတွင် အာဖဂန်တပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံးခဲ့သည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံး ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ ၂၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ကျပန်းစကားပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၃၀

ဇွန် ၂၆ရက်တွင် ကျရောက်မည့် "အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့" အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(MANA)က ကြီးမှူး၍ ဒုတိယအကြိမ် မူးယစ်ဆေးဝါးဆန့်ကျင်ရေး ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ဇွန် ၂၁ရက်တွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ သက်ကြီးတန်း အသက် ၁၇နှစ်မှ ၂၅ နှစ်အထိ၊ သက်လတ်တန်း အသက် ၁၄နှစ်မှ ၁၆နှစ်အထိနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ သက်ငယ်တန်း အသက် ကိုးနှစ်မှ ၁၃နှစ်အထိ လူငယ်များ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ကျင်းပမည်

အကြိုပြိုင်ပွဲများအဖြစ် ကျပန်းစကားပြောပြိုင်ပွဲ မြန်မာဘာသာဖြင့် ပဏာမလူရွေးပွဲကို ဇွန် ၁၆ရက် နံနက် ၁၀နာရီမှ ညနေ ၃ နာရီအထိလည်းကောင်း၊ ကျပန်းစကားပြောပြိုင်ပွဲ အင်္ဂလိပ်ဘာသာဖြင့် ပဏာမလူရွေးပွဲကို ဇွန် ၁၇ရက် နံနက် ၁၀နာရီမှ ညနေ ၃နာရီအထိလည်းကောင်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲ မြန်မာဘာသာဖြင့် ပဏာမလူရွေးပွဲကို ဇွန် ၁၈ရက် နံနက် ၁၀နာရီမှ ညနေ ၃နာရီအထိလည်းကောင်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲ အင်္ဂလိပ်ဘာသာဖြင့် ပဏာမလူရွေးပွဲကို ဇွန် ၁၉ရက် နံနက် ၁၀ နာရီမှ ညနေ ၃နာရီအထိလည်းကောင်း ကျင်းပမည်ဖြစ်သည်။

အခမဲ့ထုတ်ယူ

လျှောက်လွှာပုံစံနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အသင်းဝင်လျှောက်လွှာများကို အသင်း(ရုံးချုပ်) အမှတ်(၃၇/G) မြေကွက်အမှတ်(၁/H) ကျွန်းတောလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့တွင် အခမဲ့လာရောက် ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ဇွန် ၁၂ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေတ္တာမွန်သွေးလှူရှင်အဖွဲ့ စုပေါင်းသွေးလှူဒါန်း

ရန်ကုန် မေ ၃၀

အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ တက်ရောက်ဆေးဝါးကုသမှုခံယူလျက်ရှိသော တပ်မတော်သားလူနာများအတွက် မေတ္တာမွန်သွေးလှူရှင်အဖွဲ့၏ (၅၅)ကြိမ်မြောက် ဇီဝိတဒါနသွေးလှူဒါန်းပွဲကို မေ၂၈ရက် နံနက် ၈နာရီခွဲက အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)သွေးဘဏ်၌ ကျင်းပသည်။ (အပေါ်ပုံ)

ရှင်းလင်းပြောကြား

ရှေးဦးစွာ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) ရောဂါဗေဒဌာနမှူးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ရောဂါဗေဒပါရဂူတစ်ဦးက သွေးလှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ဗဟုသုတများကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မေတ္တာမွန်သွေးလှူရှင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက အလှူငွေများပေးအပ်လှူဒါန်းရာ ရောဂါဗေဒဌာနမှူးက လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် မေတ္တာမွန်သွေးလှူရှင်အဖွဲ့က အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)သို့ စုပေါင်းသွေးလှူဒါန်းကြသည်။

(သတင်းစဉ်)

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်သောထန်းကဲတံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မေ၁၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် အင်ဂျင်နီယာမှူး ဦးထွန်းထွန်းဇော်တို့ ကြပ်မတ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

တမူးစည်ပင် အနေ့ယာဉ်များ ကွင်းဆင်းစစ်ဆေး

တမူး မေ ၃၀

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်၏ ဦးဆောင်ကြီးကြပ်မှုနှင့် တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် နယ်နိမိတ်အတွင်း ပြေးဆွဲနေသော အနေ့ယာဉ်ဆိုက်ကားများ ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာရေး၊ စနစ်တကျပြေးဆွဲစေရေးအတွက် ဒုတိယဦးစီးမှူး(အခွန်) ဦးခုတ်မွန်းလျှန်က ကွင်းဆင်းကြီးကြပ် စစ်ဆေးကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ဒလမြို့နယ်တွင် ကျင်းပ

ရန်ကုန် မေ ၃၀

ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာခြောက်ခုတို့မှ ကမ္ဘာ့လူတုပ်ကွေး ရောဂါနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို မေ ၂၄ ရက် နံနက် ၉နာရီက ဒလမြို့နယ် အနောက်ကျောင်း ဓမ္မာရုံ၌လည်းကောင်း၊ မွန်းလွဲ ၁နာရီက အရှေ့ပိုင်းရာဇသင်္ကြန် ဘုရားကြီး၌လည်းကောင်း ကျင်းပသည်။

ဟောပြော

ယင်းအခမ်းအနားတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ထူးလှိုင်က ကမ္ဘာ့လူတုပ်ကွေးရောဂါအကြောင်းနှင့် သတိပြုလိုက်နာရန်အချက်များ၊ မြို့နယ်တိ/ကုဦးစီးမှူး ဦးသန်းထွန်းက ဝက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးဆိုင်ရာများ၊ တိုင်းစည်ပင်ကျန်းမာရေးမှူးက ကျန်းမာရေးအသိပညာပေးဟောပြောပြီး **(အပေါ်ပုံ)** မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဖြစ်သော စာကြည့်တိုက်များ စံ(၅)ရပ်နှင့်အညီ ရှင်သန်ခိုင်မာရေး၊ စာငှားကတ်စနစ်ဖြင့် ဆောင်ရွက်ရေး၊ စာဖတ်ရှိန်မြင့်မားရေးတို့အတွက် မိဘ၊ ဆရာ၊ ရပ်ကွက်နှင့် ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့၊ ပြည်သူတို့ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဟောပြောသည်။

တက်ရောက်

ဆက်လက်၍ မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူးတို့က ပညာရေး၊ လုံခြုံရေးကိစ္စများ ဟောပြောကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၂၃ ရပ်ကွက်မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆယ်အိမ်မှူးများ၊ ရာအိမ်မှူးများ၊ အဖွဲ့အစည်းများနှင့် ပြည်သူ ၁၀၀၀ကျော် တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မချမ်းဘော၌ မိုးစပါးစိုက်ကေ ပြည့်ဝရေးဆွေးနွေး

မချမ်းဘော မေ ၃၀

မချမ်းဘောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် မေ ၁၅ရက် နံနက် ၁၀နာရီက ၂၀၀၉-၂၀၁၀ခုနှစ်အတွက် မိုးစပါးစိုက်ဧရိယာ အပြည့်အဝ စိုက်ပျိုးရေး၊ စတုတ္ထ စပါးကျီစီမံကိန်း အောင်မြင်အကောင်အထည်ဖော်နိုင်ရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်ရမည့် နည်းပညာများ၊ လက်ဖက်စိုက်ပျိုးရေး စီမံချက်ပြည့်မီရန် အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် သီးနှံများတွင် ကျရောက်တတ်သော ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်မျိုးဝင်းနှင့် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးတီရှင်းဂျုံတို့က ပို့ချဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မော်လမြိုင်၌ စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်

ရန်ကုန် မေ ၃၀

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ၂၀၀၉-၂၀၁၀ ခုနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို မေ ၁၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေမြိုင်ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆန်းမြင့်က အမှာစကားပြောကြားပြီး စီမံကိန်းရည်မှန်းချက်များကို ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုတို့မှ တာဝန်ရှိသူများထံ ပေးအပ်သည်။ **(အပေါ်ပုံ)**

ယင်းနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်မြင့်က စီမံကိန်းရည်မှန်းချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံထုတ်ကုန်ပစ္စည်းများ ရောင်းချပွဲကျင်းပ

ရန်ကုန် မေ ၃၀

ဂမုန်းပွင့်ကုမ္ပဏီလီမိတက်နှင့် DEP (Department of Export Promotion) တို့ ပူးပေါင်းကျင်းပသော ဒုတိယအကြိမ်မြောက် Made in Thailand Festival ဖွင့်ပွဲအခမ်းအနားကို မေ ၂၇ရက် နံနက် ၉နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း မရမ်းကုန်းမြို့နယ်ရှိ ဂမုန်းပွင့် Shopping Mall ၌ ကျင်းပသည်။

ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက Made in Thailand Festival ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ဝယ်ယူအားပေးသူများအတွက် အခွင့်အလမ်းများကို ရှင်းလင်းတင်ပြကာ အခမ်းအနားကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansarn Bunnagက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယခုဈေးရောင်းပွဲတော်ကို မေ ၂၇ ရက်မှ ဇွန် ၁၀ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ထိုင်းနိုင်ငံမှ ထုတ်လုပ်သည့် နာမည်ကြီးအမှတ်တံဆိပ် အဝတ်အထည်၊ အလှကုန်၊ လူသုံးကုန်၊ အိမ်သုံးကုန်နှင့် စားသောက်ကုန်များကို အထူးဈေးနှုန်းဖြင့် ရောင်းချသွားမည်ဖြစ်ရာ အမျိုးသားများအတွက် Vanson, Vanheusen, Valentino Rudy, Pierre Cardin, Oasis, Kiddo နှင့် အမျိုးသမီးများအတွက် Sweet နှင့် အခြားနာမည်ကြီး အမှတ်တံဆိပ်များပါဝင်သည်။

ဖွင့်လှစ်ပေး

အထူးအစီအစဉ်အနေဖြင့် ပွဲတော်ကာလအတွင်း သတ်မှတ်ထားသောအရောင်းကောင်တာများတွင် ထိုင်းနိုင်ငံထုတ်ကုန်များကို တစ်ရက်အတွင်း ငွေကျပ်သုံးသောင်းဖိုးအထက်ဝယ်ယူပါက ချက်ချင်းကံစမ်းနိုင်ပြီး ရောင်စုံရုပ်မြင်သံကြားနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများအပါအဝင် ဗလာမပါ ကံစမ်းမဲများ ချက်ချင်းရရှိနိုင်မှာ ဖြစ်သည်။ ထို့ပြင် ကံစမ်းမဲနှိုက်ပြီးပါက သတ်မှတ်ထားသော ကူပွန်တွင် အမည်၊ မှတ်ပုံတင်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်များ ပြည့်စုံစွာဖြည့်စွက်၍ မဲပုံးထဲသို့ ထည့်ပေးခဲ့ရုံဖြင့် ရန်ကုန်-ဗန်ကောက်-ရန်ကုန်အသွားအပြန် လေယာဉ်လက်မှတ် သုံးစောင်ကို ကံစမ်းရယူနိုင်မည်ဖြစ်ပြီး ကံစမ်းမဲများကို ဇွန် ၁၀ရက်တွင် ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဖဲကြိုးဖြတ်ဖွင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansarn Bunnaက Made in Thailand Festival ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်
ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သောရည်ရွယ်ချက်များနှင့် လုပ်ရှားဆောင်ရွက်မှုများအား ပြည်သူလူထု သိရှိစေရန်ရည်ရွယ်၍ ၂၀၀၉ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများအား ကျင်းပသွားမည်။ ဆောင်းပါးပြိုင်ပွဲကို **"မြန်မာအမျိုးသမီးဘဝ မြှင့်တင်မှ လူမှုဘဝဖွံ့ဖြိုးရ"**ဟူသော ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **"သိမ်မွေ့လှပ မြန်မာအမျိုးသမီးဘဝ"**ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲ

ဆောင်းပါးပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိသေးသည့် စာမူများအား စာလုံးရေသုံးထောင်မှ ငါးထောင်အထိ ရေးသား၍ ပေးပို့ယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်ကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲ

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ဖြင့် ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ (၁၀လက်မ×၁၄လက်မ) တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ မည်သည့် ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင် ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။

ဆက်သွယ်ပေးပို့

ပြိုင်ပွဲဝင်ဆောင်းပါးများကို ဇွန် ၁၉ရက် ညနေ ၄နာရီနောက်ဆုံးထား၍လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇွန် ၂၀ရက် ညနေ ၄နာရီနောက်ဆုံးထား၍လည်းကောင်း ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ် ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။ **(သတင်းစဉ်)**

ကွင်းဆင်းစစ်ဆေး

အမရပူရမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော တရုတ်တန်းလမ်း ကတ္တရာလမ်းပေါက်ဖာ ပြုပြင်ခြင်းလုပ်ငန်းကို မေ ၂၁ရက်က အမှုဆောင်အရာရှိ ဦးကျော်မိုးထွန်း ကွင်းဆင်း စစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မင်းမင်းမြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရေနံချောင်းမြို့နယ် အလင်းစေတမန်စာကြည့်တိုက် တည်ဆောက်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၃၀

ရေနံချောင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအနီး၌ တည်ဆောက်မည့် အလင်းစေတမန် စာကြည့်တိုက် တည်ဆောက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မေ ၉ရက်တွင် ရန်ကုန်မြို့ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၌ ကျင်းပရာ စာကြည့်တိုက်တည်ဆောက်ရေး လုပ်ငန်းကော်မတီ နာယကများအဖြစ် ဗိုလ်ချုပ်အောင်ခင်(ငြိမ်း)၊ ဆရာမကြီး ဒေါ်တင်ဝင်း (ဒေါက်တာမတင်ဝင်း)၊ ဦးကောင်း၊ ဦးဝင်းကြည် (ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်)၊ ဦးရှိန်ဝင်း(တက်လမ်းဆောက်လုပ်ရေး) နှင့် ဦးအောင်ငြိမ်း (ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း)တို့က ဆောင်ရွက်ကြပြီး စာကြည့်တိုက်တည်ဆောက်ရေး လုပ်ငန်းကော်မတီတွင် ဥက္ကဋ္ဌ ဗိုလ်မှူးဌေးလွင်(ငြိမ်း)၊ အဖွဲ့ဝင်များအဖြစ် ဦးနေမျိုးမောင်၊ ဦးသန်းမြင့်၊ ဦးမြင့်ဆွေ၊ ဒေါ်မြင့်မြင့်ခင်၊ ဦးဌေးမြင့်၊ ဒေါ်ချိုချိုသိန်း၊ ဦးအောင်နိုင်ဝင်း၊ ဗိုလ်မှူးကြီးတင်စိုး(ငြိမ်း)၊ ဦးကျော်လွင်နှင့် ဦးအောင်ကျော်မြင့်တို့ကဆောင်ရွက်ကြပြီး အတွင်းရေးမှူးအဖြစ် ဦးမောင်မောင်မြတ်က ဆောင်ရွက်ကာ တည်ဆောက်ရေးလုပ်ငန်းများကို ဆွေးနွေးကြသည်။

သံကူကွန်ကရစ်အမျိုးအစား

အဆိုပါစာကြည့်တိုက်သည် အလျား ၂၅ ပေ×ပေ ၆၀ နှစ်ထပ် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ခန့်မှန်းကုန်ကျငွေမှာ အဆောက်အအုံ တန်ဖိုးငွေကျပ် သိန်း ၄၀၀ခန့်နှင့် ပရိဘောဂနှင့် ရန်ပုံငွေကျပ်သိန်း၂၀၀ စုစုပေါင်း ငွေကျပ် သိန်း ၆၀၀ ခန့်ရှိမည် ဖြစ်သည်။

ညှိနှိုင်းအစည်းအဝေးအပြီး အလှူငွေပေးအပ်ပွဲတွင် အလှူရှင် ၁၄ဦးတို့က ငွေကျပ် စုစုပေါင်း ၁၀၈သိန်းကို လှူဒါန်းသွားကြကြောင်း သိရသည်။

ဆက်သွယ်

အလှူငွေများကို လှူဒါန်းလိုပါက နေပြည်တော်တွင် ဦးဝင်းကြည် ဖုန်း-၀၆၇-၄၁၀၀၀၆၊ ဦးအောင်ငြိမ်း ဖုန်း-၀၆၇-၄၁၂၃၈၀၊ ရန်ကုန်မြို့တွင် ဦးဌေးလွင် ဖုန်း-၀၉-၅၀၉၁၃၆၁၊ ဦးမောင်မောင်မြတ် ဖုန်း-၀၉-၅၁၄၈၉၅၇ နှင့် ဦးကျော်ထင် ဖုန်း-၀၉-၅၂၀၁၁၂၆၊ ရေနံချောင်းမြို့တွင် ဦးအောင်ကျော်မြင့် ဖုန်း-၀၆၀-၂၁၁၁၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွံတေးနှင့်ထန်းတပင်မြို့နယ်တို့၌ စည်ပင်သာယာလုပ်ငန်းများ ညွှန်ကြားရေးမှူး ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် မေ ၂၇ရက်တွင် တွံတေးမြို့နယ်သို့ သွားရောက်၍ တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော မြို့ရှောင်လမ်းထိပ်ရှိ ဘုရင့်နောင်အချွန်း၌ မြေယာရှုခင်းအလှဆောင်ရွက်နေမှု၊တွံတေးမြို့မဈေးရှိ ဈေးဆိုင်ခန်းများ ပြန်လည်တည်ဆောက်နေမှုတို့ကို လည်းကောင်း၊ တွံတေးမြို့ နဝဒေးလမ်းရှိ မြောင်းမကော်(၁) ရေမြောင်းကို မိုးရာသီအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အဖွဲ့ဝန်ထမ်းများဖြင့် အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှု၊ မြို့မဈေးအတွင်း သားငါးတန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ညွှန်ကြားရေးမှူးသည် မေ ၂၈ရက်တွင် ထန်းတပင်မြို့သို့ သွားရောက်၍ အနောက်ပိုင်းတက္ကသိုလ်နှင့် ဝါးတရာကျေးရွာတို့ ဆက်သွယ်ထားသော မြေသားလမ်းအား ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေး အခြေအနေကို လည်းကောင်း၊ အနောက်ပိုင်းတက္ကသိုလ်လမ်းနှင့် အေးရွာလေးကျေးရွာတို့ ဆက်သွယ်သည့် ကတ္တရာလမ်းအား ပြန်လည်ပြုပြင်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ညွှန်ကြားရေးမှူးသည် ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ မိုးရာသီ ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှတ်(၂) ရပ်ကွက် ကံ့ကော်လမ်း ရေဆိုးထုတ်မြောင်းကို အမှိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှုနှင့် ဘုရင့်နောင်လမ်းအား အရှည်ပေ ၇၈၀၊ အကျယ် ၁၂ပေရှိ ကတ္တရာလမ်းခင်းကျင်းရန် ကျောက်များ စုဆောင်းထားရှိမှုအခြေအနေကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ သာကေတ၌ကျင်းပ

ရန်ကုန် မေ ၃၀

သာကေတမြို့နယ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၁၀နာရီက အထက(၁) သာကေတ မြဝတီဆောင်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးမြင့်အောင်က ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးကံစောလှိုင်က အမှာစကား ပြောကြားသည်။

ထို့နောက် အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်က မြို့နယ်ပညာရေးမှူးထံ ပညာရေးဌာနမှ လှူဒါန်းသော ဖတ်စာအုပ် အစုံ ၂၄၀၀ လှူဒါန်းသည်။ ဆက်လက်၍ သာကေတမြို့နယ် ပညာရေးမိသားစု ထက်၊ လယ်၊ မူကျောင်းများမှ ဗလာစာအုပ် ဒါဇင် ၈၉၀ နှင့် ခဲတံ ၄၀၅ဒါဇင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ဗလာစာအုပ် ၁၀ဒါဇင်နှင့် ဝတ်စုံ ၁၀စုံ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း **(အပေါ်ပုံ)**က ဗလာစာအုပ် ၁၀ဒါဇင်၊ အမက ၂၅ ကျောင်းမှ ဗလာစာအုပ် လေးဒါဇင်တို့ကို ပေးအပ်လှူဒါန်းကြသည်။ **(မြန်မာ့အလင်း)**

ကမ်းရိုးတန်းဒေသများ၌ မိုးပိုမိုလာနိုင်

ရန်ကုန် မေ ၃၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက မကွေးတိုင်းတွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်တွင် ၁ဒသမ ၀၂လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၃ဒသမ ၂၇လက်မ၊ ပြင်ဦးလွင်မြို့တွင် ၃ဒသမ ၁၁လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၂ဒသမ ၉၁လက်မ၊ ဟဲဟိုးမြို့တွင် ၂ဒသမ ၄၀လက်မ၊ မောင်တောမြို့တွင် ၂ဒသမ ၃၆လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)တွင် ၂ဒသမ ၀၉လက်မနှင့် တောင်ကြီးမြို့တွင် ၂ဒသမ ၀၅လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မေ ၃၁ရက် ညနေအထိ ခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ သံတောင်ကြီး၌ကျင်းပ

သံတောင်ကြီး မေ ၃၀

သံတောင်ကြီးမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို မေ ၂၆ရက် နံနက် ၈နာရီက သံတောင်ကြီးမြို့နယ် သံတောင်မြို့ အမှတ်(၂)ရပ်ကွက်တွင် ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ခင်မြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူနှင့် ဝန်ထမ်းများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသနေပြည်သူများ စုစုပေါင်းအင်အား ၁၀၀ကျော် တက်ရောက်ကြသည်။

စိုက်ပျိုး

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ် အတွင်းရေးမှူး ဦးအောင်ခင်မြင့်နှင့် ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူး စိုင်းကျော်လှတို့က ကျွန်းပင်ကိုစိုက်ပျိုးပေးခဲ့ပြီး တက်ရောက်လာကြသူများက သစ်တောဦးစီးဌာန၏ ပျိုးပင်များဖြစ်သော ကျွန်း၊ မဲဇလီ၊ ခရေ၊ ကံ့ကော်၊ ယူကလစ်ပင်များ စုစုပေါင်း အပင် ၂၀၀ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စီမံကိန်းရည်မှန်းချက်များ အနောက်ပိုင်းခရိုင်၌ တာဝန်ပေးအပ်

ရန်ကုန် မေ ၃၀

ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၉-၂၀၁၀ခုနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ ခရိုင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အစီအစဉ်အရ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး စီမံကိန်းဦးစီးရုံး ခရိုင်တာဝန်ခံ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစိုးမြင့်က စီမံကိန်းရည်မှန်းချက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်နှင့် မြို့နယ်အလိုက် စီမံကိန်းရည်မှန်းချက်များကို ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများသို့ ခရိုင်ဥက္ကဋ္ဌက ပေးအပ်ခဲ့သည်။ **(ယာပုံ)** **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

မိုးကောင်း၌ စာကြည့်တိုက်စံ(၅)ရပ် ဆွေးနွေး

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးလင်းနှင့် စာကြည့်တိုက်လက်ထောက်-၃ ဒေါ်ပိုးအိစံတို့သည် မေ ၂၇ရက် နံနက်၁၁နာရီက သူဌေးကုန်းကျေးရွာ၌ ကျေးရွာဥက္ကဋ္ဌ ဦးအောင်နိုင်နှင့် စာကြည့်တိုက် ကော်မတီဝင်များအား တွေ့ဆုံ၍ စာကြည့်တိုက်သတ်မှတ်စံ (၅)ရပ်နှင့် အညီဆောင်ရွက်ရန် ဆွေးနွေးဟောပြောကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ပင်းတယ ပွေးလှစျေးပတ်လမ်းအဆင့်မြှင့်ဆောင်ရွက်

ပင်းတယမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပွေးလှကျေးရွာအုပ်စု ပွေးလှစျေး ပတ်လမ်းအား မူလကျောက်ချောလမ်းအဆင့်မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မည့်အခြေအနေကို မေ ၁ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်လတ်၊ အတွင်းရေးမှူးဒေါ်ချို ဝေလွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေတို့ ကြည့်ရှုစစ်ဆေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ဝမ်းတွင်းမြို့နယ်စည် ပင်ပန်းအလှပင်များ စိုက်ပျိုး

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးနှင့် စိမ်းလန်း စိုပြည်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မေ ၂ရက်က ရန်ကုန်-မန္တလေးလမ်းမကြီးဘေးရှိ ပန်းခုံများတွင် ပန်းများဝေဆာစွာ ပွင့်ဖူးနေစေရန် ပန်းအလှပင်များ အစားထိုးစိုက်ပျိုးခြင်း၊ ပေါင်းသင်မြေဆွေးထည့် ရေလောင်းခြင်း များကို အဖွဲ့ဝန်ထမ်းများနှင့်အတူ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သီဂီအေး ကြီးကြပ် ဆောင်ရွက်ပေးသည်။ (မြို့နယ်စည်ပင်)

စစ်တွေ၌ ရေဖြန့်ဝေပေးမှု ကွင်းဆင်းစစ်ဆေး

စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရေဖူလုံမှုတစ္စာ ရရှိရေးအတွက် ကန်တော်ကြီးမှ ရေတွန်းစက်ရုံများ တည်ဆောက်၍ ရေဖြန့်ဝေပေးလျက်ရှိပြီး ရပ်ကွက်ပြည်သူများရေရရှိသုံးစွဲနေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့် အမှုဆောင်အရာရှိ ဦးဖုန်းလွင်တို့က ကွင်းဆင်း စစ်ဆေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မာန်အောင်၌ ပျိုးပင်များစုဆောင်းထားမှု စစ်ဆေး

မာန်အောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်၌ ပျိုးပင်များစုဆောင်း ထားရှိမှုကို ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်လွင်တို့က ရှင်းလင်းတင်ပြကြသည်။ (မြို့နယ်စည်ပင်)

ဘဝတွက်တာ ပညာပေးသင်တန်း အင်းတော်၌ဖွင့်

ပညာရေးဝန်ကြီးဌာနနှင့် UNICEF တို့ ပူးပေါင်းဖွင့်လှစ်သော ဘဝတွက်တာ ကျွမ်းကျင်စရာပညာပေးခြင်းနှင့် HIV/AIDS ကာကွယ်တားဆီးရေး (မူလတန်းဆင့်) မြို့နယ် ဆင့်ပွားသင်တန်းဖွင့်ပွဲကို မေ၁၈ရက် နံနက်၇နာရီက စစ်ကိုင်းတိုင်း အင်းတော်မြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဝင်းက အမှာစကားပြောကြားပြီး အင်းတော်မြို့နယ်ပညာရေးမှူးကိုယ်စား လက်ထောက်မြို့နယ်ပညာရေးမှူး ဦးသိန်းဆွေဝင်းက သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းသည်။ **(၀၁၀)**

ဟားခါး၌ ပန်းအလှပင်များ ပျိုးထောင်

ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း အဖွဲ့ဝန်ထမ်း များ၏ ပျိုးပင်များ ပြုစုပျိုးထောင်ဆောင်ရွက်ထားရှိမှုကို မေ ၂၇ရက်က အမှုဆောင် အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးတမ်အောင်က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မိခင်/ကလေး စောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်စည်းဝေး

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ နှစ်ပတ် လည်အစည်းအဝေးကို မေ ၂၃ရက် မွန်းလွဲ ၁နာရီက အသင်းရုံးခန်း၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးက အဖွင့် အမှာစကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ဒေါ်နီလာညွန့်က မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ အစည်းအဝေးမှ ချမှတ်သော ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားရှင်းလင်းသည်။ **(မြို့နယ် ပြန်/ဆက်)**

ဂန့်ဂေါ၌ မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေး ဟောပြော

ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မျိုးချစ် စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ဟောပြောပွဲကို ဧပြီ ၂၈ရက်က ကျင်းပရာ ဂန့်ဂေါခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်မာမာဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးဥမ္မာဝင်းနှင့် မြို့မအလကမှ ဆရာမဒေါ်ခင်ချိုဦးတို့က မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းဟောပြောသည်။ *(၀၇၁)*

မှုံးမြစ်ဖျားသမဝါယမအသင်းစု အရပ်ရပ်ဆိုင်ရာစည်းဝေး

ကသာခရိုင် ပင်လည်ဘူးမြို့ မှုံးမြစ်ဖျား အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ အသင်းစုလီမိတက်၏ ၂၀၀၈-၂၀၀၉ အရပ်ရပ်ဆိုင်ရာအစည်းအဝေး၊ ပြန်လည်ပြုပြင် ဖွဲ့စည်းရေးနှင့် အလှူငွေပေးအပ်ပွဲကို အသင်း၏အစည်းအဝေးခန်းမ၌ မေ ၁၄ရက် နံနက်၁၀နာရီက ကျင်းပရာ ဒါရိုက်တာတစ်ဦးက အသင်း၏ လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြပြီး မြို့နယ်တိုင်းရင်းဆေးကုသရေးဌာနအတွက် မြို့နယ်အတွင်းရှိ သမဝါယမအသင်းလီမိတက်များက အလှူငွေများလှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးဆိုင်ရာများ

တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် အမှာစကားပြောကြား

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၃နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် လေးဒေါင့်ကန်လမ်းရှိ ရန်ကုန်တိုင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ကော်မတီ(ရုံးချုပ်)၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တက္ကသိုလ်၊ ကောလိပ်များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာဉ်လိုင်းဥက္ကဋ္ဌများက တက္ကသိုလ်ကြို/ပို့ယာဉ်များဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် စီစဉ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ကန့်ဘလူမြို့နယ် ပြန်/ဆက် ဝန်ထမ်းများ စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေး

ကန့်ဘလူ မေ ၃၀

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဝန်ထမ်းများ စာဖတ်ဝိုင်းကို ရပ်မြင်သံကြားခန်းမ၌ မေ၇ရက် မွန်းလွဲ ၁နာရီခွဲက ကျင်းပရာ စာကြည့်တိုက်မှူး ဒေါ်သိန်းသိန်းမော်၊ အငယ်တန်းစာရေး ဦးတင်ငွေ လ/ထ ရုပ်/သံဦးအေးမင်းထွန်း၊ ခါတ်ပုံ(၂) ဦးအောင်ဝင်းငြိမ်းတို့က ဖတ်ကြားတင်ပြကြပြီး မြို့နယ်ဦးစီးမှူး ဦးဝင်းမောင်က ရှင်းလင်းဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောင်းအပ်နှံရေးနေ့ ဖလမ်း၌ ကျင်းပ

ဖလမ်း မေ ၃၀

၂၀၀၉-၂၀၁၀ပညာသင်နှစ် ခရိုင်၊ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၁၀ နာရီက ဖလမ်းမြို့ အမှတ် (၁) အခြေခံ ပညာအထက်တန်းကျောင်း ရှလွယ်ခန်းမ၌ ကျင်းပရာ ဖလမ်းခရိုင်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်မင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန အမှတ်(၂)အခြေခံပညာဦးစီးဌာနက လှူဒါန်း သော ကျောင်းသုံးစာအုပ်နှင့် ဝတ်စုံများကို ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထောက်ပံ့ ရန် လိုအပ်နေသော ကျောင်းသား ကျောင်းသူ များအား ပေးအပ်ကြသည်။

ထို့နောက် သူငယ်တန်း ကျောင်းသား ကျောင်းသူများအား မိဘများက ကျောင်း အပ်နှံကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

နေပြည်တော် မေ ၃၀

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ကျေးလက်အိမ်ရာထူထောင်ရေး ကျေးရွာပိုင် သစ်တောစိုက်ခင်းတည်ထောင်ခြင်း သရုပ်ပြ စိုက်ပျိုးပွဲ အခမ်းအနားကို မေ ၂၄ရက် နံနက် ၁၀နာရီက နမ့်စန်မြို့နယ် မက်မွန်မုန်းကျေးရွာ၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့် တက်ရောက်အမှာစကား ပြောကြားပြီး တိုင်းမှူး၊ ဇနီးနှင့် အခမ်းအနားသို့တက်ရောက် လာကြသူများက ကျွန်းနှင့် ယူကလစ်ပင်များကို စုပေါင်းစိုက်ပျိုးပေးကြသည်။

ထို့နောက် နမ့်စန်-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းအင်ဂျင်နီယာက ရထားလမ်း အကြောင်း တိုင်းတာရွေးချယ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးကာ နမ့်စန်ဘူတာရုံ၌ ဘူတာဝန်းကျင်သန့်ရှင်း သာယာလှပရေး ဆောင်ရွက်ထားရှိမှုများနှင့် ရထားသံလမ်းများ ကွဲခိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာဘရူဝါရီလီမိတက် မိသားစု (၄)နှစ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် မေ ၃၀

မြန်မာဘရူဝါရီလီမိတက် မိသားစု၏ (၄)နှစ်မြောက်စုပေါင်းသွေးလှူဒါန်းပွဲ အခမ်း အနားကို မေ ၂၇ရက် နံနက် ၉နာရီက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ ကျင်းပရာ မြန်မာဘရူဝါရီလီမိတက် မန်နေဂျင်းဒါရိုက်တာ Mr. Peter Ong က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် Mr. Peter Ong က အမျိုးသားသွေးဌာနအတွက် အလှူငွေကျပ်သိန်း ၃၀ကိုပေးအပ်လှူဒါန်းရာ အမျိုးသားသွေးဌာန သွေးလှူဘဏ် တာဝန်ခံဆရာဝန်ကြီး ဒေါက်တာဒေါ်သီတာအောင်က လက်ခံကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်နုနုသာ၊ သွေးလှူဘဏ်တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာဒေါ်သီတာအောင်၊ Mr. Peter Ong နှင့် တာဝန်ရှိသူတို့က သွေးလှူဒါန်းနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

မြန်မာဘရူဝါရီလီမိတက်မိသားစု၏ စုပေါင်းသွေးလှူဒါန်းပွဲများကို ၂၀၀၆ခုနှစ်မှ စတင်၍ ယခုနှစ်အထိ စုစုပေါင်းသွေးပုလင်း ၆၃၃ပုလင်းကို လှူဒါန်းနိုင်ခဲ့ပြီးဖြစ်ရာ ၂၀၀၆ခုနှစ်တွင် ၁၈၄ ပုလင်း၊ ၂၀၀၇ခုနှစ်တွင် ၂၀၁ပုလင်း၊ ၂၀၀၈ခုနှစ်တွင် ၂၄၈ပုလင်းတို့ ဖြစ်သည်။

မြန်မာဘရူဝါရီလီမိတက်မိသားစုသည် မန္တလေး သွေးလှူဘဏ်သို့ အလှူငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းသွားမည် ဖြစ်သည်။

မြန်မာဘရူဝါရီလီမိတက်သည် စင်ကာပူသမ္မတနိုင်ငံ ဖရေဇာအင်နိဗ်လီမိတက်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်တို့ အကျိုးတူ ပူးပေါင်းတည်ထောင် ထားသည့် ကုမ္ပဏီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒို့ကျေးရွာဂျာနယ် အတွဲ(၆)၊ အမှတ်(၁၁) ထွက်ပြီ

ရန်ကုန် မေ ၃၀

မေထုန်ရာသီ နယုန်လ၏ သင်းပျံ့သော စံပယ်ပန်းရနံ့များနှင့်အတူ ကျေးလက်နေ ပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာတို့ကို စုံလင်စွာ ဖော်ပြပေးနေသော ဒို့ကျေးရွာ ဂျာနယ် အတွဲ(၆)၊ အမှတ်(၁၁)အား ဇွန် ၁ရက်တွင် ထုတ်ဝေမည်ဖြစ်သည်။ **(ယာပုံ)**



ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် စပါးအထွက်နှုန်းမြင့်မားတိုးတက်ရေးအတွက် ပျိုးပင်အရည်အသွေး ကောင်းမွန်ရမည်၊ ပန်းတိုင်အထွက်နှုန်းရရှိစေမည့် မိုးနှမ်း စိုက်ပျိုးနည်း၊ သစ်စိမ်းမြေသြဇာ၊ ပိုက်ဆံ လျှော်၊ ဝင်ငွေတိုးဖို့ မှိုစိုက်စို့ စသည့် စိုက်ပျိုး ရေးဆောင်းပါးများ၊ မိုးကလေးညိုလာရင်၊ ငါးမွေးမြူသူများ သတိပြုဖွယ်၊ မှိုဆိပ် အန္တရာယ်စသည့် မွေးမြူရေး ဆောင်းပါး များ၊ အပူနာရောဂါကိုကာကွယ်ပေးသည့် ဆေးဖက်ဝင် ဂေါ်ရခါးသီး၊ အမျိုးသမီးများ အတွက် ကြက်သွန်နီ၊ နံ့သာဖြူရဲ့ ဆေး အစွမ်း၊ ကျန်းမာပျော်ရွှင်သော ဘဝပိုင်ဆိုင်ဖို့ တစ်ကိုယ်ရေသန့်ရှင်းရေး အလေးထားစို့ စသည့် ကျန်းမာရေးသတင်း ဆောင်းပါး များ၊ ယနေ့ခေတ်ပညာရေးမြင်ကွင်းများ သိသာစွာ ပြောင်းလဲတိုးတက်လာ၊ ကျောင်း များ၏ စာအံသံ၊ ခေါင်းလောင်းသံများသည် နိုင်ငံ၏ အနာဂတ်ကို ပြသနေခြင်းဖြစ်၊ ကယားပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ စာတိုင်ညိုလူငယ်များဖြစ်လာစေရန် စာများ များဖတ်ကြပါ၊ ရွာသစ်ရွာမှ မိသားစုဝင်ငွေ တိုးသည့် ဝါးဦးထုပ်ရက်လုပ်ငန်း၊ ဖိလစ်ပိုင် နိုင်ငံအကြောင်း သိကောင်းစရာ၊ စီးပွားရေး အကျပ်အတည်းကာလအတွင်း အဆင်ပြေ အောင်နေထိုင်ခြင်းစသည့် အသိပညာပေး သုတရသဆောင်းပါးများ၊ အနုပညာအလုပ် ကို လုပ်ခွင့်ရတဲ့အချိန်အထိ လုပ်နေမှာ ပါဆိုတဲ့ မိုးပြည့်ပြည့်မောင်နှင့် တွေ့ဆုံခြင်း၊ နိုင်ငံတကာသတင်းများ၊ ပြည်တွင်းအား ကစားသတင်းနှင့် နိုင်ငံတကာ အားကစား သတင်းများ၊ ညောင်ပင်တစ္ဆေဝေလေလေ ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ပုံပြင်၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်း များနှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားပါသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့ အနယ် နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ကျပ် ၂၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာ ဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၀၁၉၃၆နှင့် ၃၇၁၃၄၂တို့သို့ ဆက်သွယ် ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မဒန်းရေလှောင်တမံကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

တက်ရောက်

အဆိုပါ မဒန်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ နေပြည်တော်ခရိုင်နှင့် နေပြည်တော် လယ်ဝေးမြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတောင်သူလယ်သမားများနှင့် ပြည်သူများ၊ တည်ဆောက်ရေး(၅)မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်က အမှာစကားပြောကြားရာ၌ ယနေ့ဖွင့်လှစ်လိုက်သည့် မဒန်းရေလှောင်တမံသည် နိုင်ငံတော်၏ ၂၂၂ခုမြောက် ဆည်မြောင်းစီမံကိန်း ဖြစ်သကဲ့သို့ နေပြည်တော်တိုင်းအတွင်း၌ တည်ဆောက်ပြီးစီးဖွင့်လှစ်ခဲ့သော စီမံကိန်းများအနက် ၁၄ခုမြောက် စီမံကိန်းဖြစ်ကြောင်း။

တိုးချဲ့စိုက်ပျိုးနိုင်

နေပြည်တော်တိုင်းအတွင်း၌ မူလက ဆည်၊ ကန်၊ ရေလွှဲဆည် ၃၂ခု တည်ဆောက်ခဲ့ပြီးဖြစ်သည့်အတွက် ယခု မဒန်းရေလှောင်တမံအပါအဝင် ဆိုလျှင် ၃၃ခုအထိ တိုးတက်ပြီးစီးလာပြီဖြစ်၍ ယခင် ဆည်ရေသောက် ၁၁၂၈၆၂ ဧကထက် တိုးတက်များပြား လာမည်ဖြစ်ကြောင်း၊ ထို့အပြင် နေပြည်တော်တိုင်းအတွင်း၌ ဖောင်းလောင်ရေလှောင်တမံနှင့် ပုလွေးရေလှောင်တမံတို့ကို တည်ဆောက်နေပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆည်ကန်များ တိုး၍တည်ဆောက်ပေးနိုင်ခြင်းကြောင့် မိုးကောင်းသောက်မှ ရေစိတ်ချရသည့် ဆည်ရေသောက်အဖြစ် အသွင်ပြောင်းလာမည်ဖြစ်သကဲ့သို့ နွေစပါးကိုပါ တိုးချဲ့စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း။

နေပြည်တော်တိုင်းအတွင်း၌ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ဆည်မြောင်းစီမံကိန်းများကို စနစ်တကျ အစီအမံရှိရှိ ဆောင်ရွက်နေမှုကိုလည်း နေပြည်တော်တိုင်းအတွင်းရှိ ဒေသခံပြည်သူလူထုများ၏ကိုယ်စား နိုင်ငံတော်အကြီးအကဲနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို များစွာ ကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားလိုကြောင်း။

နွေစပါးမိုးစပါး

ယင်းဒေသသည် မိုးတွင်း၌ မိုးစပါးအတွက် စိုက်ပျိုးရေလုံလောက်သော်လည်း နွေရာသီတွင် စိုက်ပျိုးရေအခက်အခဲကြောင့် နွေစပါးကို မစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုမဒန်းရေလှောင်တမံကြီး ပြီးစီးသွားပြီဖြစ်သည့်အတွက် မိုးတွင်းကာလ ရာသီဥတုအခြေအနေ မပေးခဲ့လျှင် မိုးစပါးအတွက် ဖြည့်စွက်ရေပေးနိုင်မည်ဖြစ်သည့်အပြင် နွေစပါးကိုပါ ရေအတွက် နောက်ဆံမတင်း၊ စိုးရိမ်မကင်း မဖြစ်ရဘဲ စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ နိုင်ငံတော်အစိုးရက ရေလှောင်တမံများ၊ ရေလွှဲဆည်များကို စေတနာအပြည့်အဝဖြင့် ဆောင်ရွက်ပေးခဲ့မှုကြောင့် ဒေသအတွင်း စိမ်းလန်းစိုပြည်လာခြင်း၊ စိုက်ပျိုးရေ ရရှိလာသည့်အတွက် သီးနှံပိုမိုထွက်ရှိလာခြင်း၊ သန့်ရှင်းကောင်းမွန်သည့် သောက်သုံးရေကို ရရှိသည့်အတွက် ကျန်းမာရေး ကောင်းမွန်တိုးတက်လာခြင်းစသည့် အကျိုးဆက်များကို ခံစားရသည်နှင့်အမျှ နိုင်ငံတော်အစိုးရက စေတနာအပြည့်အဝဖြင့် စီမံဆောင်ရွက်မှုများကို နားလည်သဘောပေါက်ခြင်းနှင့်အတူ တုံ့ပြန်သောအနေဖြင့် ရေလှောင်တမံများ၊ ရေလွှဲဆည်နှင့် ဆက်စပ်လျက်ရှိသည့် ရေပေးမြောင်းများ၊ ရေနုတ်မြောင်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဌာနဝန်ထမ်းများနှင့်အတူ စေတနာအပြည့်ဖြင့် ပူးပေါင်းကာကွယ်စောင့်ရှောက်သွားကြပါ၊ ဆည်မြောင်းတာတမံ တူးမြောင်း ဥပဒေများကို လေးစားလိုက်နာသွားကြပါ၊ ရေဝေရေလဲရှိ သစ်တောသစ်ပင်များကို ထာဝရစိမ်းလန်းစိုပြည်ဖို့ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြပါဟု မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဈေးကွက်ဝင်သီးနှံပင်များ

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကား ပြောကြားရာ၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေး မြင့်မားတိုးတက်စေရေးအတွက် "စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး" ဆိုသည့် ဦးတည်ချက်ချမှတ်ပြီး အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် မြေယာသစ်များ တိုးချဲ့ စိုက်ပျိုးနိုင်ရေး၊ တစ်ဧက၏အထွက်နှုန်းများ တိုးတက်ရရှိရေး၊ သီးနှံစိုက်ခွမ်းအားများ တိုးတက်မြင့်မားလာရေး၊ လေလွှင့်ဆုံးရှုံးမှုနည်းပါးရေးစသည့် လုပ်ငန်းစဉ်များ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ပျိုးသည့် တောင်သူများ၏ စီးပွားရေး တိုးတက်မြင့်မားစေရန်အတွက် အထွက်နှုန်းကောင်းပြီး အရည်အသွေးမြင့်မားသည့် ဈေးကွက်ဝင် သီးနှံမျိုးသစ်များ ပြောင်းလဲပေးနိုင်ရေး အတွက်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများအနေဖြင့် သီးနှံတစ်သီးပြီးတစ်သီး အချိန်မီစိုက်ပျိုးနိုင်စေရန် ရိတ်သိမ်းခြွေလှေ့ခြင်း၊ မြေပြင်ခြင်းလုပ်ငန်းများကို စက်စွမ်းအားအသုံးပြုသည့် စက်မှုလယ်ယာကူးပြောင်းနိုင်ရေးအတွက်လည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ယခုကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်မှုများအနက် စိုက်ပျိုးရေးတွင် အဓိကလိုအပ်ချက် တစ်ခုဖြစ်သည့် စိုက်ပျိုးရေရရှိရေးအတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် လမ်းညွှန်ပြီး ဆည်ရေလှောင်တမံစီမံကိန်းများ၊ ရေထိန်းတံခါး စီမံကိန်းများ၊ မြစ်ရေတင် စီမံကိန်းများ၊ မြေအောက်ရေရရှိရေး စီမံကိန်းများကို ရေ မြေ အခြေအနေပေးမှုအရ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိကြောင်း၊ ရေနစ်မြုပ်လေ့ရှိသည့် ဒေသများနှင့် ရေကြီး၊ ရေနက်ကွင်းများတွင်လည်း ရေနုတ်မြောင်းများ၊ ရေဘေးကာကွယ်ရေး တာများ တည်ဆောက်ပြီး ရေတော်မိုးတော် စိုက်ပျိုးမြေများ ပေါ်ထွက်လာအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် သီးထပ်၊ သီးညှပ်တွေပိုမိုစိုက်ပျိုးလာနိုင်စေမည့် ရေသွင်းစိုက်ပျိုးနိုင်မှု အခြေအနေ တိုးတက်လာနေပြီဖြစ်ကြောင်း၊ ၁၉၈၈-၁၉၈၉ ခုနှစ်က ရေသွင်းစိုက်ဧရိယာ ဧက ၂ဒသမ ၅ သန်းသာ ရှိခဲ့ရာမှ ယခု ဧက ၅ ဒသမ ၆သန်းကျော်အထိ နှစ်ဆကျော် တိုးတက်လာခဲ့ပြီး နိုင်ငံ၌ရှိသည့် သီးနှံအသားတင် စိုက်ဧရိယာဧက ၂၈ သန်းကျော်၏ ၁၇ ဒသမ ၂ရာခိုင်နှုန်း အထိ ရေပေးဝေနိုင်ပြီဖြစ်ကြောင်း။

စိုက်ပျိုးရေပေးဝေ

ယခု ဖွင့်လှစ်ပေးလိုက်သည့် မဒန်းရေလှောင်တမံသည် နိုင်ငံတော်၏ ၂၂၂ ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ကြောင်း၊ ပင်မတမံသည် ၈၃၀၅ ပေ ရှည်လျားပြီး အမြင့် ၁၀၁ ပေ ရှိကြောင်း၊ ရေလှောင် ပမာဏ ဧကပေ ၃၆၅၀၀ ရှိကြောင်း၊ ယင်းစီမံကိန်းကို ၂၀၀၃-၂၀၀၄ ခုနှစ်က စတင်ခဲ့ပြီး ကျပ်သန်းပေါင်း ၁၇၉၄၁ သန်း အကုန်အကျခံ တည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း၊ အဆိုပါ ရေလှောင်တမံက ဆည်ရေနှင့် နေပြည်တော် လယ်ဝေးမြို့နယ်က လယ်မြေဧက စုစုပေါင်း ဧက ၈၀၀၀ ကို စိုက်ပျိုးရေ ပေးဝေသွားမည်ဖြစ်ကြောင်း။

တိုးတက်ရရှိ

မဒန်းရေလှောင်တမံ၏ ဆည်ရေသောက်ဒေသများဖြစ်သည့် နေပြည်တော် လယ်ဝေးမြို့နယ်က ကျေးရွာအုပ်စုကိုးခု၏ လယ်မြေဧက ၈၀၀၀ ၌ မူလက ပထမသီးနှံအဖြစ် မိုးစပါး၊ မိုးနှမ်း၊ မိုးမြေပဲ၊ ဖူးစားပြောင်း၊ မိုးပဲတီစိမ်းနှင့် ဟင်းသီးဟင်းရွက်၊ ဒုတိယသီးနှံများအဖြစ် မိုးစပါး၊ မတ်ပဲနှင့် ဆောင်းမြေပဲ၊ တတိယသီးနှံအဖြစ် မတ်ပဲနှင့် ဆောင်းမြေပဲတို့ကို စိုက်ကြသည့်အတွက် သီးထပ်အပါအဝင် စုစုပေါင်း ၁၇၁၂၇ ဧက စိုက်ပျိုးနိုင်ပြီး သီးနှံစိုက်ခွမ်းအား ၂၁၃ဒသမ ၃၁ရာခိုင်နှုန်း ရရှိရာက မဒန်းရေလှောင်တမံ တည်ဆောက်ပြီးစီးသည့်နောက် သီးနှံပုံစံသုံးခုလုံးတွင် စိုက်ဧကများ တိုးတက်စိုက်ပျိုးလာနိုင်မည်ဖြစ်သည့်အတွက် စုစုပေါင်း ၂၂၂၅၀ ဧကအထိ တိုးတက်လာမည်ဖြစ်၍ သီးနှံစိုက်ခွမ်းအား ၂၇၈ဒသမ ၁၃ ရာခိုင်နှုန်းအထိ တိုးတက်ရရှိတော့မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နေပြည်တော် လယ်ဝေးမြို့နယ်မှ ဒေသခံတစ်ဦးဖြစ်သည့် ဦးဌေးဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က မဒန်း ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့က ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး မဒန်းရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မဒန်း ရေလှောင်တမံကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

မဒန်းရေလှောင်တမံ

မဒန်းရေလှောင်တမံသည် မဒန်းချောင်းပေါ်၌ မြေသားတမံ တည်ဆောက်ထားပြီး ပင်မတမံ အမြင့် ၁၀၁ပေ၊ အလျား ၈၃၀၅ပေရှိကာ အမြင့် ပေ၃၀ ရှိသည့် ကုန်းကြောတမံ လေးခုမှာ အလျား ပေ ၁၈၅၀ရှိသည်။ ရေထုတ်ပြွန်မှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ကာ ၆ ပေ ၄ ပေ ရေတံခါး တစ်ပေါက်ပါရှိပြီး အလျား ၂၉၈ ပေရှိသည်။ ရေပိုလွှဲမှာ အကျယ် ပေ ၅၀ ရှိပြီး အလျား ပေ ၇၉၀ရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏဧကပေ ၃၆၅၀၀ရှိကာ လယ်မြေဧက ၈၀၀၀ ကို ဆည်ရေပေးနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မဒန်းရေလှောင်တမံ

နေပြည်တော် လယ်ဝေးရှိ မဒန်းရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

စုဖွဲ့နေထိုင်လာ ကြတာတွေ့ရတယ်၊ ဆက်သွယ်သွားလာရေး ကောင်းမွန်လို့ ဒေသဖွံ့ဖြိုးလာတဲ့ မြင်ကွင်းတွေပါ''ဟု လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၅)မှ ဦးစီးအရာရှိ ဦးသာယာက မြန်မာ့အလင်းသို့ ရှင်းပြသည်။

မှန်ပါသည်။ နေပြည်တော် အမြန်လမ်းမကြီးမှ မဒန်းရေလှောင်တမံရှိရာ လမ်းတစ်လျှောက် ခြောက်မိုင်ရွာ၊ စံပြရွာ၊ ချောင်းခွရွာနှင့် နန္ဒင်းကျင်းကျေးရွာတို့ကို မြင်တွေ့ရသည်။ လမ်းပေါ်တွင် သွားလာနေကြသူများနှင့် လယ်ယာလုပ်ငန်းခွင် ဝင်ရောက်နေသူများဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။

ရေပေးဝေနိုင်

''မဒန်း ရေလှောင်တမံဟာ လယ်ဧက ၈၀၀၀ခန့်ကို ရေပေးဝေနိုင်မှာဖြစ်ပါတယ်။ ရေဆင်းဧရိယာ ၃၅ စတုရန်းမိုင်ရှိပြီး နှစ်စဉ်ပျမ်းမျှစီးဝင်ရေဟာ ဧကပေ ၂၇၀၀၀ရှိပါတယ်။ ပင်မတမံအမြင့်က ၁၀၁ပေ၊ အလျား ၈၃၀၅ပေရှိပြီး ကုန်းကြောတမံအမြင့်ပေ ၃၀နဲ့ အလျားပေ ၁၈၅၀

''ဆည်ရေပေးမယ်ဆိုရင် နွေစပါး စိုက်ပါမယ်''
ဦးငွေလွင်(တောင်သူ)
နန္ဒင်းကျင်းကျေးရွာ

ရှိပါတယ်။ ကန်ရေပြည့် ရေလှောင်ပမာဏဟာ ဧကပေ ၃၆၅၀၀ဖြစ်သလို ကန်ရေသေ ရေလှောင် ပမာဏဟာ ဧကပေ ၅၂၀၀ဖြစ်ပါတယ်''ဟု ဦးစီးအရာရှိ ဦးသာယာက ဆက်လက်ရှင်းပြသည်။

မဒန်း ရေလှောင်တမံကို မြေအောက်မှ ရေများ စိမ့်မထွက်စေရန်အတွက် ရေစိမ့်တား သံမဏိပြား အလျားပေ ၉၂၁၀ကို အနက်ပေ ၄၀ အထိ ရိုက်သွင်းထားသည်။ ထို့ကြောင့် ရာသီမရွေး တောင်သူများ နွေစပါး၊ မိုးစပါးနှင့် ကြံများ စိုက်ပျိုးနိုင်ကြမည် ဖြစ်သည့်အပြင် ပဲမျိုးစုံပါ စိုက်ပျိုးနိုင်ကြတော့မည် ဖြစ်သည်။

ထို့နောက် ပင်မတမံနှင့် ကုန်းကြောတမံတည်ဆောက်ရေး တာဝန်ခံ ဦးစီးအရာရှိ ဦးနိုင်လင်းစိုးကလည်း ''ကုန်းကြောတမံလေးခုကို အချိန်မီပြီးစီးဖို့ ယန္တရားကြီးတွေနဲ့ နေ့ညဆောင်ရွက်နေကြကြောင်း၊ ဒီလိုပြီးစီး

''ရရှိသော အတွေ့အကြုံတွေနဲ့ မဒန်းရေလှောင်တမံကို ပိုကောင်းသထက် ကောင်းအောင် တည်ဆောက်ခဲ့ပါတယ်''
ဦးအောင်ကိုကိုထွန်း
(ဦးစီးအရာရှိ)
ပင်မတမံတာဝန်ခံ

''လယ်မြေဧက ၈၀၀၀ အတွက် မိုးစပါး၊ နွေစပါး၊ ကြံများ စိုက်ပျိုးနိုင်ဖို့ ရေအလုံအလောက် ထုတ်ပေးနိုင်မှာပါ''
ဦးသာယာ
ဦးစီးအရာရှိ
တည်ဆောက်ရေး(၅)

အောင် စက်မှုနဲ့ မြို့ပြအင်ဂျင်နီယာများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း၊ ပင်မတမံကြီးမှာ အရှည်ပေ ၈၃၅၀ ရှည်တာကြောင့် တည်ဆောက်ရေးအတွက် မြေများကို တစ်မိုင်၊ သုံးမိုင်အထိ ဝေးကွာတဲ့နေရာတွေက ရယူခဲ့ရကြောင်း၊ အချိန်မီပြီးစီးအောင် နေ့ညလုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း'' ရှင်းပြသည်။

မဒန်းရေလှောင်တမံမှ စိုက်ပျိုးရေရရှိပြီး ဒေသတွင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာကာ တောင်သူတစ်ဦးချင်း ဝင်ငွေများ တိုးတက်စေမည်ဖြစ်ရာ ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝလည်း မြင့်မားလာပေတော့မည်။

အလျား ၁၇၀၂ပေ၊ အမြင့်ပေ ၂၀ရှိ မဒန်းရေလှောင်တမံ၏ ကုန်းကြောတမံ တည်ဆောက်ပြီးစီးမှု အနေအထား။ (မြန်မာ့အလင်း)

စစ်ဆေးကြပ်မတ်

မဒန်းရေလှောင်တမံသည် ထုထည်ကြီးမားပြီး မြင့်မားမှုလည်းရှိသဖြင့် ရေပမာဏများစွာကို သိုလှောင်ထိန်းသိမ်းနိုင်စွမ်းရှိသည်။ စနစ်တကျတည်ဆောက်

''သတ်မှတ်ကာလ ပြီးစီးအောင် စက်ယန္တရား ၄၅စီးနဲ့ နေ့ရောညပါ ဝန်ထမ်းအင်အားအပြည့်နဲ့ လုပ်ဆောင်ခဲ့ပါတယ်''
ဦးနိုင်လင်းစိုး
(ဦးစီးအရာရှိ)
ပင်မနှင့်ကုန်းကြောတမံတာဝန်ခံ

ထားသကဲ့သို့ ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရန် အတွေ့အကြုံ ရင့်ကျက်သည့် အင်ဂျင်နီယာများက အနီးကပ် စစ်ဆေး ကြပ်မတ်လျက်ရှိသည်။

မဒန်းရေလှောင်တမံ တည်ဆောက်ပြီးစီးနေမှုကို လာရောက်လေ့လာကြည့်ရှုနေသော နန္ဒင်းကျင်းကျေးရွာမှ မူလတန်းကျောင်းအုပ် ဒေါ်ဝင်းရီကို မေးမြန်းရာ ''အခုလို မဒန်းရေလှောင်တမံ တည်ဆောက်ပေးလို့ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းလာသလို ဒေသဖွံ့ဖြိုးရေးလည်း သိသိသာသာ တိုးတက်လာတာ တွေ့ရပါတယ်။ ဒေသခံပြည်သူတွေ စီးပွားရေးကောင်းကြလို့ ပညာရေး၊ လူမှုရေးနဲ့ နေထိုင်မှုဘဝတွေ မြင့်တက်လာစေမှာဖြစ်ပါတယ်၊ ပညာတတ်တွေ ပိုထွက်လာတော့မှာပါ''ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

မဒန်း ရေလှောင်တမံကြောင့် စိုက်ပျိုးရေး ဖြစ်ထွန်းအောင်မြင်လာတော့မည်ဖြစ်သလို ရာသီမရွေး သီးထပ်သီးညှပ်များလည်း စိုက်ပျိုးနိုင်ကြတော့မည်ဖြစ်သည်။ ထို့နောက် တောင်သူတစ်ဦးအား တွေ့ဆုံမေးမြန်းရာ ''ကျွန်တော်က ဦးငွေလွင်ပါ၊ နန္ဒင်းကျင်းကျေးရွာမှာ နေထိုင်ပါတယ်။ လယ် ၁၀ဧက စိုက်ပျိုးနေတာဆိုတော့ အခုလို မဒန်းရေလှောင်တမံကြီး ပြီးစီးသွားလို့ စိုက်ပျိုးရေရရှိတော့မယ်ဆိုရင် ရာသီမလပ် စိုက်ပျိုးလို့ ရတော့မှာမို့ အလွန်ဝမ်းသာနေပါတယ်။ အခုဆိုရင် နေပြည်တော်လယ်ဝေး - မဒန်းလမ်း

''အခုလို မဒန်းရေလှောင်တမံ တည်ဆောက်ပေးလို့ ဒေသဖွံ့ဖြိုးရေးလည်း သိသိသာသာ တိုးတက်လာတော့မှာပါ''
ဒေါ်ဝင်းရီ
ကျောင်းအုပ်ဆရာမကြီး
နန္ဒင်းကျင်းကျေးရွာ
မူလတန်းကျောင်း

အတိုင်း ကားပြေးဆွဲပေးနေလို့ သွားလာရေးလည်း အဆင်ပြေသွားပြီ၊ ဒါကြောင့် နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်'' ဟု ဝမ်းသာအားရ ပြောသွားခဲ့သည်။

မြင့်မားလာ

မဒန်း ရေလှောင်တမံကြီးကား ပြီးစီးနေပြီ ဖြစ်သည်။ မဒန်းရေလှောင်တမံမှ စိုက်ပျိုးရေရရှိခြင်းအားဖြင့် ဒေသတွင်း စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာကာ တောင်သူတစ်ဦးချင်း ဝင်ငွေများ တိုးတက်စေမည်ဖြစ်ရာ ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝလည်း မြင့်မားလာတော့မည်ဟု တွေးရင်း အပြန်ခရီး၌ မဒန်းရေလှောင်တမံကြီးကို အမြင်အာရုံမှ မပျောက်နိုင်လောက်အောင် ဖြစ်ခဲ့ရပါတော့သည်။ ။

(မြန်မာ့အလင်း)

အလျားပေ ၇၈၀၊ အကျယ်ပေ ၅၀ရှိ သံကူကွန်ကရစ်အမျိုးအစား ပိုလျှံရေများ ထုတ်လွှတ်ပေးမည့် မဒန်းရေလှောင်တမံ၏ ရေပိုလွှဲတည်ဆောက်ပြီးစီးမှု မြင်ကွင်း။
(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ခုနှစ် နယုန်လဆန်း ၈ရက် (ဥပုသ်နေ့)
၃၁-၅-၂၀၀၉ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၇:၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၆။ တေးသရုပ်ဖော်အစီအစဉ်
၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၂၀ ၈။ **ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ** မင်းမော်ကွန်း၊ လွင်မိုး၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး၊ လှအဥ္စလီတင့်၊ ဋ္ဌမ်းပုံ၊ ရော
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူကျေးတော်သူ** (အပိုင်း-၅၀)
၁၂:၃၅ ၅။ Golf Magazine(TV)
၁၂:၅၀ ၆။ မြန်မာရုပ်ရှင် **သီတာခုနစ်တန်** ညွှန့်ဝင်း၊ နေအောင်၊ ရဲအောင်၊ ဇင်မာဦး (ဒါရိုက်တာ-မောင်နန္ဒ)
၁၄:၂၅ ၇။ **သူငယ်ချင်းမရှိတဲ့ဥပဒေ** မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဧကရီကျော်ကျော် (ဒါရိုက်တာ-မောင်နန္ဒ)
၁၄:၃၅ ၈။ International News
၁၄:၄၅ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၄၅ ၁။ Myanmar National League MNL-Cup(2009) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Southrn Myanmar F.C နှင့် Delta United F.C အသင်း)
၅:၄၅ ၂။ တေးဂီတအစီအစဉ်
၆:၀၀ ၃။ ညနေခင်းသတင်း
၆:၃၀ ၄။ မိုးလေဝသအခြေအနေ
၆:၃၅ ၅။ ကာတွန်းအစီအစဉ် **Pocket Dragon Adventure**
၆:၅၅ ၆။ တစ်မျက်နှာတစ်ကွက်စာ **ဆယ့်ငါးမိနစ်** ခင်မောင်ချင်း၊ ချာလီ၊ ဒိန်းဒေါင်၊ ရာဇာပေါက်စီ၊ သူဇာပွင့် (ဒါရိုက်တာ-ထင်ထင်း)
၇:၁၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သက်ထား** (အပိုင်း-၁၈)
၈:၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၂။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစု စွန့်စားခန်း** (အပိုင်း-၁၂)
၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကျေးဇူးတင်ပါတယ်** (အပိုင်း-၁၅)
၁၄။ မင်းကွန်းဆရာတော်ကြီး အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်
၁၅။ အစီအစဉ်ပြီး၏။

အာစရိယ ဂုဏပူဇာ မင်္ဂလာ

မြန်မာ့လူ့အဖွဲ့အစည်းသည် အသိအလိမ္မာနှင့်ပညာကို အလေးအမြတ်ထားသော လူ့အဖွဲ့အစည်း ဖြစ်ပါသည်။ မြန်မာတို့သည်

> **"ရွှေငွေမတူ၊ ခိုးယူမရ**
> **ဤလောကဥ္စ**
> **ပညာ့အရာ မိတ်ကြီးသာ"**

ဟု မှတ်ယူခဲ့ကြသူများဖြစ်သည်။

> **"ယခုငယ်က၊ ကြိုးလုံ့လ၍**
> **သုတပညာ၊ နေ့တိုင်းရှာလော့"**
> **"ပညာမကြိုက်၊ ပျင်းရိမိုက်မူ**
> **နောက်လိုက် ဝန်ထမ်း၊ အလုပ်ကြမ်းတွင်**
> **တွေ့လေကျင်"**

ဟူ၍ ကလေးသူငယ်အရွယ်ကပင်လျှင် ဆုံးမသွန်သင်ခဲ့ကြသည်။ လူ့ဘဝတစ်သက်တာကိုပင် အရွယ်သုံးပါးဖြင့် ပိုင်းခြားပြီး **"ပထမအရွယ်မှာ ပညာရှာ"**ဟု သတ်မှတ်ခဲ့ကြသူများ ဖြစ်သည်။

မြန်မာ့လူ့ဘောင်တွင် ကလေးအရွယ် လူမမည်ဘဝကပင်လျှင် အမိအဖ ဆွေမျိုးမောင်နှမများက ယဉ်ကျေးဖွယ်ရာဖြစ်အောင် မည်သို့ပြုမူ ပြောဆို နေထိုင်ရမည်ဖြစ်ကြောင်း လမ်းညွှန်သွန်သင်ခဲ့ကြသည်။ အသက်လေးငါးနှစ်အရွယ် စာသင်ကျောင်းသို့ ရောက်သောအခါတွင်မူ ဆရာ ဆရာမများက အတတ်လည်းသင်၊ အလိမ္မာလည်း သင်ပေးခဲ့ကြပါသည်။

ထို့ကြောင့်လည်း " **လက်ဦးဆရာ၊ မည်ထိုက်စွာသည်၊ ပုဗ္ဗာစရိယ၊ မိနှင့်ဘ** " ဟူသော ဆိုရိုးလင်္ကာများ၊" **အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ**" ဟူသော ဗုဒ္ဓ၏အဆုံးအမများသည် မြန်မာတို့ စွဲစွဲမြဲမြဲဆုပ်ကိုင်ခဲ့သော ပညာရေးလမ်းညွှန် လူမှုရေးလမ်းညွှန်များ ဖြစ်ခဲ့ပါသည်။

> " **ပညာမရ၊ လျှပ်ပေါ်လှ၊ သူများနောက်လိုက်သာ** "
> " **နောက်လိုက်ဝန်ထမ်း၊ လူညစ်နွမ်း၊ ဝမ်းမျှမဝပါ** "

ဟူသော ဘဝမျိုးသို့ မရောက်စေရအဲ **"ပညာရဲရင့် ပွဲလယ်တင့်"** စေခဲ့သော ဆရာများသည် ဆပ်လေဆပ်လေ ဆပ်မပြေနိုင်သော ဂုဏ်ကျေးဇူးရှင်ကြီးများ ဖြစ်ကြပါသည်။ ဤသို့သော ဂုဏ်ကျေးဇူးရှင်ကြီးများ၏ ဂုဏ်ကျေးဇူးများကို ပူဇော်သော အာစရိယပူဇော်ပွဲများသည်လည်း သီရိကျက်သရေနှင့် ပြည့်စုံလှစွာသော " **မြတ်ပညာ ပူဇော်ပွဲများ** " ဖြစ်ပါသည်။

သီတင်းကျွတ်သည်မှ နောက်တစ်နှစ် ဝါဝင်သည်အထိ မြန်မာနိုင်ငံအနှံ့အပြားတွင် အာစရိယပူဇော်ပွဲများဖြင့် သိုက်မြိုက်ဝေဆာ စည်ကား၍ နေပါသည်။ " **ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလမုတ္တမံ** "ဟူသော ၃၈ဖြာ မင်္ဂလာတရားတော်နှင့်အညီ ပူဇော်ထိုက်သော ကျေးဇူးရှင်ဆရာ ဆရာမများကို ပူဇော်သည့် " **မြတ်မင်္ဂလာပွဲများ** "လည်း ဖြစ်ပါသည်။

အစဉ်အဆက်ကပင် အခြေခံပညာကျောင်းများ၏ ကျောင်းအလိုက် အာစရိယပူဇော်ပွဲများ၊ တက္ကသိုလ်ကောလိပ်များ၏ ဘာသာရပ်အလိုက် အာစရိယပူဇော်ပွဲများကို တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပခဲ့ကြသည်။ ရန်ကုန်တက္ကသိုလ် ၇၅နှစ်မြောက် စိန်ရတုသဘင်တွင် ကျောင်းသားဟောင်းများစုစည်းမိကြပြီးနောက် အဆောင်ကျောင်းသားဟောင်းများ၊ နေ့ကျောင်းသားဟောင်းများ ဘာသာရပ်အလိုက် ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲများကို ကျင်းပခဲ့ကြသည်။ မော်လမြိုင်တက္ကသိုလ် ရွှေရတု၊ ပုသိမ်တက္ကသိုလ်ရွှေရတု၊ လားရှိုးတက္ကသိုလ်ငွေရတုစသည့် အထိမ်းအမှတ် အခမ်းအနားများတွင်လည်း ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲများ ပြုလုပ်ခဲ့ကြသည်။ ယခုမူ တက္ကသိုလ်ကောလိပ်များသာမက အခြေခံပညာကျောင်းများတွင်ပါ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲများကို တက်တက်ကြွကြွ ဝမ်းမြောက်ဝမ်းသာ ပြုလုပ်လာကြသည်ကို တွေ့ရှိရပါသည်။ ဘွဲ့ရ ၁၀နှစ်ပြည့်၊ အနှစ် ၂၀ ပြည့်၊ ၂၅နှစ်ပြည့်၊ အနှစ် ၃၀ပြည့်၊ အနှစ် ၄၀ ပြည့် အထိမ်းအမှတ် ပူဇော်ပွဲများကိုလည်း တွေ့ရသည်။ ၂ နှစ်တစ်ကြိမ် ပူဇော်ပွဲများ၊ ၃နှစ်တစ်ကြိမ် ပူဇော်ပွဲများ၊ နှစ်စဉ်ပူဇော်ပွဲများကိုလည်းတွေ့ရပါသည်။ တလောက မန္တလေးမှ မူကြိုကျောင်း တစ်ကျောင်းတွင်ပင် ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ ကျင်းပမည့်သတင်းကို ကြားလိုက်ရပါသည်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအတွက် တာဝန်ယူဆောင်ရွက်ကြသူများသည် စုဝေးကြ၊ တိုင်ပင်ကြသည်။ ကျောင်းနေဖက်သူငယ်ချင်းဟောင်းများ တစုတဝေးတည်း ပြန်လည်ဆုံတွေ့နိုင်ရေးအတွက်လည်း စည်းရုံးကြ၊ နှိုးဆော်ကြသည်။ အလှူငွေကောက်ခံကြ၊ အစီအစဉ်တွေရေးဆွဲကြသည်။ မြန်မာပြည်တစ်နံတစ်လျားတွင် ရေကြည်ရာမြက်နုရာ နေနေကြရရှာသော ဆရာကြီး ဆရာမကြီးများကို ရှာဖွေကြ ဆက်သွယ်ကြသည်။ ဆရာကြီး ဆရာမကြီးများ၏ သွားရေးလာရေး တည်းခိုရေးကိစ္စများအတွက် စီစဉ်ကြရသည်။ မကျန်းမာကြသော၊ အိုမင်းနေကြပြီဖြစ်သော၊ ခိုကိုးရာမဲ့နေကြသော ဆရာကြီး ဆရာမကြီးများ၏ ဘဝနောက်ပိုင်းခရီးအတွက်လည်း စဉ်းစားပေးကြ၊ စီမံပေးကြသည်။

ကိုယ့်ပျော်ရေးရွှင်ရေးသာ အရေးကြီးသော ကျောင်းသားအရွယ်များ မဟုတ်ကြတော့ဘဲ စီးပွားရေး၊ လူမှုရေး၊ သားရေး၊ သမီးရေး၊ အိမ်ထောင်ရေးရာများဖြင့် ကိစ္စမြားမြောင် လူတို့ဘောင်တွင် ကျင်လည်နေကြရသူများ ဖြစ်ပါလျက် မမောနိုင်မပန်းနိုင် သိမ်းကျုံးလုပ်နေကြသူများ၏ စေတနာ မှတ်သုံမိုးသည် အရှိန်အဟုန် ကြီးမားလှပါသည်။

ဆရာမဖြစ်သောကျွန်မသည် အာစရိယပူဇော်ပွဲများတွင် ကျွန်မတို့၏ငယ်ဆရာများကို ပူဇော်ကန်တော့ရသကဲ့သို့ ကိုယ်တိုင်လည်း တပည့်များ၏ ပူဇော်ကန်တော့ခြင်းကို ခံယူရပါသည်။ ရန်ကုန်တက္ကသိုလ် အာစရိယပူဇော်ပွဲများတွင် ကိုယ့်ခွန်ကိုယ့်အားဖြင့် မသွားနိုင် မလာနိုင်ကြသောကြောင့် နေအိမ်ထဲတွင်ပင် တကုပ်ကုပ်နေနေရသော ဆရာ ဆရာမများ၊ လူနာတင်တွန်းလှည်းဖြင့် ရောက်လာကြသူများ၊ တပည့်များက ပွေ့ချီလာရသူများ၊ တွဲခေါ်ရာသို့ ဖြည်းဖြည်းချင်း လျှောက်လာရသူများသည် လုပ်ဖော်ကိုင်ဖက်အချင်းချင်း ပြန်လည်တွေ့ဆုံကြရသောအခါ အလွန်ပျော်ကြသည်။ စကားလက်ဆုံ ပြောမကုန်အောင်ရှိကြသည်။ သူတို့ကိုတွေ့ရသောအခါ ကြည်နူးနှစ်သိမ့်ခြင်းလည်းဖြစ်ရသည်။ တရားသံဝေဂလည်း ရမိပါသည်။ မောဟမာနများလည်း လျော့ကျလာပါသည်။

လူလားမြောက်နေပြီဖြစ်သော တပည့်များ၏ လက်ကိုဆုပ်ကိုင်ပြီး ဝမ်းသာပီတိဖြစ်နေသော ဆရာကြီး ဆရာမကြီးများ၏ မေတ္တာ၊ ကရုဏာ၊ စေတနာသည် သူတို့၏လက်များမှတစ်ဆင့် ကျွန်မတို့၏ ကိုယ်ခန္ဓာတွင်း အသည်းနှလုံးတွင်းသို့ စိမ့်ဝင်စီးဆင်းသွားသကဲ့သို့ တသိမ့်သိမ့်ခံစားခဲ့ရပါသည်။ ရန်ကုန်တက္ကသိုလ် မြန်မာစာမိသားစု အာစရိယပူဇော်ပွဲအတွက် ဖိတ်စာသွားပေးသောအခါ အိပ်ရာထက်မှ မထနိုင်သူ၊ စကားပင်မပြောနိုင်သူ ဆရာကြီး ဆရာမကြီးများ၏ တစိမ့်စိမ့်ကျသော မျက်ရည်များနှင့်အတူ ကျွန်မလည်း ရောင်ိုမိခဲ့ဖူးပါသည်။

ခင်ဆွေမြင့်(မြန်မာစာ)

ကျွန်မသည် ဆရာမပေါက်စဘဝက ဆေးတက္ကသိုလ်(၂)တွင် ငါးနှစ်မျှ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဆေးတက္ကသိုလ်(၂) အာစရိယပူဇော်ပွဲများတွင် ကိုယ်ကန်တော့ခံရသောအခါ ကိုယ်စာသင်ပေးစဉ်အခါက ၁၇နှစ်အရွယ်၊ ၁၈နှစ်အရွယ်များသည် ပညာရပ်တာဝန်၊ နိုင်ငံ့တာဝန်၊ ပြည်သူ့တာဝန်များကို ထိထိရောက်ရောက် ထမ်းဆောင်နေကြသည့် နိုင်ငံ့သားကောင်းရတနာများ၊ သမီးကောင်းရတနာများ ဖြစ်နေကြသည်ကို တွေ့ရှိရပါသည်။ **ဆရာဝန်ကြီးတွေချည်းဖြစ်နေသော တပည့်များကို တွေ့ရသောအခါ သူတို့အားလုံး၏ ဘဝများအားလုံးကို ကိုယ်တစ်ယောက်တည်း ရရှိလိုက်သကဲ့သို့ပင် အားပါးတရ ကြည်နူးပီတိ ဖြစ်မိပါသည်။** ဖော်မပြနိုင်လောက်သော ကြည်နူးဝမ်းမြောက်ခြင်းများသည် ဆတက်ထမ်းပိုး တိုး၍တိုး၍ ပြည့်လျှံ၍လာပါသည်။ ဖရဏာပီတိ ဋွမ်းဆီထိဆိုသည်မှာ ဤကဲ့သို့ပေလား ဟူ၍ပင် အတွေးပွားမိပါသည်။

အပြောကောင်းသော ဒေါက်တာ အောင်ဝင်းမောင်က ဆရာတက္ကသိုလ် ဘုန်းနိုင်၏ "**တစ်ပြည်တစ်ရွာ၊ ခွဲ၍ခွာအံ့ ၊ ဘဝလုံးပင်၊ စိတ်၌ထင်သည်၊ ရင်မှာအလွမ်း ယူသွားမည်** " ဟူသော ကဗျာတစ်စကို ရွတ်ဆိုပြီး သူ့ခံစားမှုတွေကို ဖြန့်ဝေသောအခါ-

ဆရာကြီး ဆရာမကြီးများ၏ အနန္တကျေးဇူးများကို ရင်မှာအမြဲယူသွားကြမည်ဖြစ်ကြောင်း ပြောကြားလိုက်သောအခါ -

"မကြားရတာ ကြာလေပြီဖြစ်တဲ့ ဆရာကြီး ဆရာမကြီးများရဲ့ ဆုံးမဩဝါဒစကားများကိုလည်း နားကြားမှတ်ယူပါရစေ"ဟူ၍ ပန်ကြားလိုက်သောအခါ -

ဆရာများ၊ တပည့်များဖြင့် ပြည့်လျှံနေသော ခန်းမကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်ကို ကျွန်မသတိပြုမိပါသည်။ **ဆရာ့စေတနာ ဆရာ့မေတ္တာ ဆရာ့ပညာ ဆရာ့ကျေးဇူးပြုမှုများနှင့် တပည့်တို့၏ ယဉ်ကျေးလိမ္မာမှု ကျေးဇူးသိတတ်မှုများ၏ ပုံရိပ်ဖြစ်သော အာစရိယပူဇော်ပွဲ၏ အနှစ်သာရများသည် ကျွန်မတို့အားလုံး၏ရင်ထဲသို့ တိုးဝှေ့ ဝင်ရောက်ခဲ့ပါသည်။**

စင်စစ်အားဖြင့် ဆရာ ဆရာမများအား လက်အုပ်ချီမိုးပြီး ရှိသေလေးမြတ်စွာရှိခိုးကန်တော့သော အာစရိယပူဇော်ပွဲသည် ကျွန်မတို့နိုင်ငံ ကျွန်မတို့ လူမျိုးတွင်သာ ရှိသည်ဟု မှတ်သားဖူးပါသည်။

ပညာကိုချစ်သော ကျွန်မတို့လူမျိုးသည် ဆရာကိုလည်း ချစ်ပါသည်။ တပည့်ကိုလည်း ချစ်ပါသည်။ ဆရာတပည့်များ တစုတဝေးကြီး ပြန်လည်ဆုံတွေ့ရသောအခါ ငယ်စဉ်က အရိုက်ခံခဲ့ရ၊ အဆူခံခဲ့ရ၊ အဆုံးအမခံခဲ့ရ၊ စာသင်ခံခဲ့ရသမျှများသည် ပြန်လည်၍မရရှိနိုင်တော့သော လွမ်းစရာများ ဖြစ်လာပါသည်။

နှစ်ပေါင်းများစွာ ကွဲကွာပြီး ကိုယ့်ဘဝနှင့်ကိုယ် ပတ်ချာလည်ကာ လှုပ်ရှားနေကြရသော ငယ်သူငယ်ချင်းများ ပြန်ဆုံကြရသောအခါတွင်လည်း စာကျက်ခဲ့ကြ၊ ဆော့ခဲ့ကြ၊ စိတ်ကောက်ခဲ့ကြ၊ ရန်ဖြစ်ခဲ့ကြ၊ ပြန်တည့်လိုက်ခဲ့ကြရသည်များသည် ကြည်နူးစရာ လွမ်းစရာများဖြစ်လာပါသည်။

လွမ်းစရာငယ်ဘဝသို့ ခေတ္တမျှပြန်လည်ရောက်ရှိရသော အာစရိယပူဇော်ပွဲများသည်လည်း ကျွန်မတို့ အားလုံး၏ ရှေ့ဆက်ရမည့် ဘဝခရီးအတွက် ခွန်အားသစ်များ ဖြစ်ပေါ်လာစေပါသည်။ ဘဝခရီးကို ရွှင်လန်းဝမ်းမြောက်စွာ ဆက်လက် လျှောက်လှမ်းနိုင်စေပါသည်။

MRTV -4 "Activities in the City" အစီအစဉ်မှ မိုးကုတ်ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲတွင် အသက်အရွယ်ကြီးရင့်ပြီး ဆံပင်များဖွေးဖွေးဖြူနေပြီဖြစ်သော ဆရာမကြီး ဒေါ်မြင့်မြင့်ဝင်းက အာစရိယပူဇော်ပွဲနှင့်ကြုံတိုင်း ဝမ်းသာတာ ရင်ထဲပြည့်နေကြောင်း၊ ကိုယ့်ဘဝကိုယ်မပိုင်သောကြောင့် ရှေ့နှစ်တွင် ရှိချင်မရှိမှာဖြစ်ကြောင်း၊ ကိုယ်နေရတာကိုရော အာစရိယပူဇော်ပွဲကိုပါ ကျေးဇူးတင်ကြောင်း၊ အမြင်ကျယ်ဖို့ ပညာရှိမှဖြစ်ကြောင်း စသည်ဖြင့် မျက်ရည်ဝဲဝဲနှင့် ပြောကြားသွားသည်ကို ကြားလိုက်ရပါသည်။ မမြဲသော သဘောကို နှလုံးသွင်းနေမိပြီဖြစ်သော်လည်း သေချင်တိုင်း သေ၍မရ၊ နေချင်တိုင်း နေ၍မရသောဘဝတွင် အာစရိယပူဇော်ပွဲများသည် ဆရာကြီး ဆရာမကြီးများ၏ စိတ်ကျန်းမာရေးအတွက် အစွမ်းထက်သော ဆေးတစ်ခွက်ဖြစ်နေသည်ဟု တွေးမိခဲ့ပါသည်။

ခေတ်တွေဘယ်လိုပြောင်းပြောင်း၊ စနစ်တွေဘယ်လိုပြောင်းပြောင်း၊ globalization တွေ ဘယ်လိုပဲဖြစ်ဖြစ် လူမျိုးတိုင်းတွင် ပြောင်းမရ ရွှေ့မရ စွဲမြဲနေသော အယူအဆများ၊ ဓလေ့ထုံးစံများ ရှိကြပါသည်။ ပညာကို အသည်းစွဲချစ်သော၊ နှစ်နှစ်ကာကာ တန်ဖိုးထားသော ကျွန်မတို့လူမျိုးသည်လည်း ကမ္ဘာတွင် မြန်မာဟူ၍ရှိနေသမျှ ပညာကို ချစ်နေကြဦးမည်၊ အာစရိယပူဇော်ပွဲများကို ပြုလုပ်နေကြဦးမည် ဖြစ်ပါသည်။

အာစရိယ ပူဇော်ပွဲများဖြင့် ကျွန်မတို့၏ နူးညံ့သိမ်မွေ့သောစိတ်၊ သိတတ်လိမ္မာသောအပြုအမူ၊ ကျေးဇူးပြုတတ်မှု၊ ကျေးဇူးသိတတ်မှု၊ ကျေးဇူးဆပ်တတ်မှု ဟူသည့် ယဉ်ကျေးပျူငှာသော အမူအရာများကို ဖော်ပြနေမည်ဖြစ်ပါသည်။ အာစရိယပူဇော်ပွဲများသည် လေးစားမြတ်နိုး တန်ဖိုးထားဖွယ်ရာသော မြန်မာ့စိတ်၊ မြန်မာ့တန်ဖိုး၊ မြန်မာ့ဂုဏ်ရည်ကို ထင်လင်းပေါ်လွင်စွာ ထုတ်ဖော်တင်ပြသည့် မြန်မာတို့၏ကျက်သရေ မင်္ဂလာရှိလှသောပွဲများလည်း ဖြစ်သည်ဟု ကျွန်မခံစား တွေးမြင်မိသမျှ တင်ပြလိုက်ရပါသည်။ ။

> လူလားမြောက်နေပြီဖြစ်သော တပည့်များ၏ လက်ကို ဆုပ်ကိုင်ပြီး ဝမ်းသာပီတိဖြစ်နေသော ဆရာကြီး ဆရာမကြီးများ၏ မေတ္တာ၊ ကရုဏာ၊ စေတနာသည် သူတို့၏လက်များမှတစ်ဆင့် ကျွန်မတို့၏ ကိုယ်ခန္ဓာတွင်း အသည်းနှလုံးတွင်းသို့ စိမ့်ဝင်စီးဆင်း သွားသကဲ့သို့ တသိမ့်သိမ့်ခံစားခဲ့ရ။
>
> အာစရိယပူဇော်ပွဲများသည် လေးစားမြတ်နိုး တန်ဖိုးထားဖွယ်ရာသော မြန်မာ့စိတ်၊ မြန်မာ့တန်ဖိုး၊ မြန်မာ့ဂုဏ်ရည်ကို ထင်လင်းပေါ်လွင်စွာ ထုတ်ဖော်တင်ပြသည့် မြန်မာတို့၏ ကျက်သရေ မင်္ဂလာရှိလှသောပွဲများလည်းဖြစ်။

စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း ကမ္ဘာ့လူ့တုပ်ကွေးရောဂါ ကာကွယ်တုံ့ပြန်ရေး ညှိနှိုင်းဆွေးနွေး

ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၃၀

စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း ကမ္ဘာ့လူ့တုပ်ကွေးရောဂါ ကာကွယ်တုံ့ပြန်ရေး ညှိနှိုင်းဆွေးနွေးပွဲကို မေ ၂၅ရက် နံနက် ၉နာရီက မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြောကြား

ထို့နောက် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ကူးစက်) ဒေါက်တာ စိုးလွင်ငြိမ်း၊ မန္တလေးတိုင်း ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်း၊ မန္တလေး အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်းနှင့် စစ်ကိုင်းတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ရှိန်တို့က ကမ္ဘာ့လူ့တုပ်ကွေးရောဂါ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှု မရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကိုလည်းကောင်း၊ ပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများနှင့် ဆေးရုံအုပ်ကြီးများက ကာကွယ်တုံ့ပြန်ရေးလုပ်ငန်း အစီအစဉ်များကိုလည်းကောင်း ဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဝန်ကြီးသည် မန္တလေးမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့သွားရောက်ပြီး ဆောင်ရွက်လျက်ရှိသည့် ကမ္ဘာ့လူ့တုပ်ကွေးရောဂါ ကာကွယ်တုံ့ပြန်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာ ဦးစီးဌာန၏ ပန်းဘဲတန်းမြို့ နယ် လုံး ကျွတ်ကျောင်း အပ် နှံ ရေး အခမ်းအနား တွင် ကျောင်းသုံး ဗလာစာအုပ်နှင့် စာရေးကိရိယာများကို မူလတန်းကလေးများအား အမှတ်(၃) အခြေခံပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းရီက ပေးအပ်စဉ်။ (ပညာရေး)

ငဖဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်ရှိသော မြို့တွင်း ပလက်ဖောင်းများ ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသိန်းငွေနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးထွန်းမင်းသန့်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျောင်းအပ်နှံရေးနေ့ အခမ်းအနား တောင်ဥက္ကလာပမြို့နယ်၌ ကျင်းပ

ရန်ကုန် မေ ၃၀

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့) တောင်ဥက္ကလာပမြို့နယ် အခြေခံပညာသင်ကျောင်းများအားလုံး၏ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ မေ ၂၈ရက် နံနက် ၁၀နာရီက ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့နယ် ပညာရေးမှူး ဦးဟန်မြင့်က ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

လှူဒါန်း

ဆက်လက်၍ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး ဗဟိုဦးစီးကော်မတီဝင် ဒဂုံတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာလှငွေးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ငွေးကြည်နှင့် အလှူရှင်များက ကျောင်းများအား ကျောင်းသုံးစာအုပ်များ လှူဒါန်းပေးအပ်ကြကြောင်း သိရသည်။ (၁၀၀)

မယ်ဇလီကုန်း-ကဒစ် ကျေးရွာချင်းဆက်လမ်းခင်းရန် စက်ယန္တရားများဖြင့် ပြုပြင်

လှည်းကူး မေ ၃၀

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့်အဖွဲ့သည် လှည်းကူးမြို့ မယ်ဇလီကုန်း-ကဒစ် ကျေးရွာဆက်မြေသားလမ်းအား စက်ယန္တရားဖြင့် ဆောင်ရွက်မှုကို မေ ၂၃ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဘသိန်းတို့က လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဟော့ရှော့(၂) ဟာသဇာတ်မြူး အထူးပွဲပြသ ဟော့ရှော့(၃) ကန်တော့ပွဲပေး၊ ငွေလှူဒါန်း

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် မေ ၃၀

လပ်ကီးဆဲဗင်း ရုပ်ရှင်ထုတ်လုပ်ဖြန့်ချိရေးမှ မအေးအေးဝင်း စီစဉ်တင်ဆက်ပြီး ဇာတ်လမ်းဇာတ်ညွှန်း အကြည်တော်၊ ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးသည့် ဟော့ရှော့(၂) ဟာသဇာတ်မြူးကား အကြိုခံစားကြည့်ရှုပွဲကို မေ ၂၄ရက်က သမ္မတရုပ်ရှင်ရုံမှာ ပြသခဲ့သည်။ ဟော့ရှော့(၂)က ဟော့ရှော့(၁)ထက် ပိုကောင်းသည်ဟု မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း ရန်ပုံငွေပွဲနေ့နှင့် အထူးပွဲပြသသည့်နေ့က ကြည့်ကြရသည့် ပရိသတ်အချို့က ပြောကြသည်။

စံချိန်ချိုး

မည်သို့ဆိုစေ ဟော့ရှော့(၁)က ၂၀၀၈ ခုနှစ်တွင် ပရိသတ် တစ်သောင်းကျော် ကြည့်ကြပြီး ဝင်ငွေစံချိန် ချိုးခဲ့သည်။ ဟော့ရှော့(၂) ဝင်ငွေစံချိန် ၂၀၀၉ခုနှစ်တွင် ချိုးမချိုး စောင့်ကြည့်ရပေဦးမည်။

ငွေလှူဒါန်းပွဲ

ဟော့ရှော့(၂) အထူးပွဲ ပြသသည့်နေ့က ဟော့ရှော့(၃) ဆက်တိုက် ရိုက်ကူးဖို့ ကန်တော့ပွဲပေးပွဲနှင့် အဖွဲ့အစည်းများသို့ ငွေလှူဒါန်းပွဲ တစ်ဆက်တည်း ကျင်းပဖြစ်သည်။

မြန်မာ့ရုပ်ရှင်သမိုင်းတွင် အပိုင်း(၁)၊ (၂)၊ (၃)စသည်ဖြင့် နာမည်တစ်မျိုးတည်းဖြင့် သုံးပိုင်းခွဲပြီး ဆက်တိုက်ရိုက်ကူးသည်မှာ ဟော့ရှော့ဇာတ်ကားက ပထမဆုံးဖြစ်သည်။ ဟော့ရှော့ဇာတ်ကားမှာ ဝင်ငွေစံချိန်တင်ရုံမက မြန်မာ့ရုပ်ရှင်သမိုင်းတွင်ပါ မော်ကွန်းတင်ပေတော့မည်။

ပေးအပ်

ဟော့ရှော့ဇာတ်ကား အောင်မြင်မည်ဆိုလျှင်လည်း အောင်မြင်လောက်ပါပေသည်။ သဘာဝကျသော ဟာသနှင့်ဇာတ်လမ်း ဇာတ်အိမ်က အံ့ဝင်ခွင်ကျရှိရုံမက စေတနာသဒ္ဓါတရားကပါ ထက်သန်လှသည်။ ဟော့ရှော့(၁) မပြခင်ကလည်း အဖွဲ့အစည်းများသို့ ငွေလှူသည်။ ယခုဟော့ရှော့(၂) ရုံမတင်ခင်ကပင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း ရန်ပုံငွေ အထူးပွဲကို မေ ၂၃ ရက်က ဦးဦးဖျားဖျား ပြသလှူဒါန်းပြီး အထူးပွဲ ပြသသည့်နေ့က မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ စာနယ်ဇင်း သင်တန်း၊ ပုဂ္ဂလိကစာနယ်ဇင်း၊ နာမကျန်းရန်ပုံငွေနှင့် မြို့နယ်သတင်းထောက်များ၊ လူမှုရေးအဖွဲ့များသို့ အလှူငွေများ ပေးအပ်လှူဒါန်းလိုက်သည်။

ဟော့ရှော့(၂)

လာမည့်သောကြာပတ်တွင် ရုံဝင်လာမည့် ဟော့ရှော့(၂)မှ ဟော့ရှော့ အမူအရာများ။

ကဝေပျိုနောက်ဆုံးပတ်

ယခုသောကြာပတ်တွင် ဒါရိုက်တာ ဇော်မြင့်ဦးရိုက်ကူးသည့် **ကဝေပျို၏ပစ္စုပ္ပန်** ဇာတ်ကားမှာ သမ္မတနှင့် သွင်ရုံတွင် နောက်ဆုံးပတ်အဖြစ် ပြသမည်ဖြစ်သည်။

လှူဒါန်း

ဟော့ရှော့(၂)အထူးပွဲ ပြသသည့်နေ့က ဟော့ရှော့(၃) ကန်တော့ပွဲပေးပြီး အဖွဲ့အစည်းများသို့ စီစဉ်သူ မအေးအေးဝင်း ငွေလှူဒါန်းစဉ်။

ဒါရိုက်တာမီးပွား ရိုက်ကူးပြီး ကျော်ဟိန်း၊ ကျော်ရဲအောင်၊ စိုးမြတ်သူဇာနှင့် ထွန်းအိန္ဒြာဗိုတို့ ပါဝင်ထားသည့် **ကြိုးတန်း**ဇာတ်ကားမှာ မြို့လယ် ဝဇီရာ၊ ဝဇီရာ(၂)၊ လှိုင်သာယာနှင့် မြရတနာရုံများတွင် ပြသနေဆဲဖြစ်သည်။

အိန္ဒိယဇာတ်ကားသစ်ရုံဝင်လာ

နာမည်ကြီးမင်းသား အမီတာ့ပ်ဘာဂျန်း၊ ရှာရွတ်ခန်း၊ ဂျူဟီဝါလာတို့ပါဝင်ထားသော နတ်တစ္ဆေအမည်ရ **Bhoothnath** အိန္ဒိယဇာတ်ကားသစ်မှာ မင်္ဂလာရုံတွင် ရုံဝင်လာသည်။ တစ္ဆေခြောက်သော အိမ်ကြီးကို ဇာတ်လမ်းဆင် ရိုက်ကူးထားသော အိန္ဒိယဝိညာဉ်ဇာတ်ကား ဖြစ်သည်။ ရွှေဆောင်ရုံတွင် **Out Lander** အက်ရှင်ဇာတ်ကား ဆက်လက်ပြသနေပြီး နေပြည်တော်ရုံတွင် **Fast and Furious-4** ဇာတ်ကားပြသနေဆဲ ဖြစ်သည်။

ကြည့်ကြရမည်

မြို့မတန်းမြင့်ရုံတွင် မင်းသားရှာရွတ်ခန်း၊ မင်းသမီး အက်ရှ်ဝါရာရိုင်းတို့ အဓိကပါဝင်ထားသော **Josh** အက်ရှင်ဒရမ်မာဇာတ်ကား ရုံဝင်လာပြီး၊ ဘုရင့်ရုံတွင် မင်းသားဆာလ်မန်ခန်း၊ အက်ရှေးကူးမားတို့ ပါဝင်ထားသော **Mujhse Shaadi Karogi** ဇာတ်ကားကို ကြည့်ကြရမည် ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

အမှတ်ပေးဇယားကို မကွေး F.C ဦးဆောင်ခွင့်ရသွားပြီ ဇေယျာရွှေမြေ ဖိုလ်လုပွဲတက်ရန် အခွင့်အလမ်းနည်းသွား

သတင်းမြင်ကွင်း-ဖိုးသော်ဇင် ■ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)နှင့် ဖိုးသော်ဇင် ■ စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၃၀

MNL CUP Grand Royal 2009 ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၉)ကို ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်းမှာ ဆက်လက်ကျင်းပရာ မကွေးတိုင်းကိုယ်စားပြု မကွေး F.C က စစ်ကိုင်းတိုင်း ကိုယ်စားပြု ဇေယျာရွှေမြေ F.C ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိသွားပါတယ်။

မကွေး F.C - နှစ်ဂိုး
ဇေယျာရွှေမြေ F.C - တစ်ဂိုး

ပြီးခဲ့တဲ့နှစ်ပွဲမှာ တစ်မှတ်သာရသေးတဲ့ ဇေယျာရွှေမြေအသင်းအတွက် အခုပွဲဟာ ဖိုလ်လုပွဲတက်ဖို့ မျှော်လင့်ချက်အတွက် အရေးပါတဲ့ ပွဲစဉ်ဖြစ်ပေမယ့် အနိုင်မကစားနိုင်ခဲ့ပါဘူး။ ဇေယျာရွှေမြေ F.C ဟာ အခုပွဲမှာ သရေတစ်မှတ်ရသင့်ပေမယ့် ပွဲပြီးခါနီးမှာ ဂိုးသမားရဲ့ အမှားကနေ ဂိုးထပ်ပေးလိုက်ရတာကြောင့် ဒုတိယမြောက် အရှုံးနဲ့ရင်ဆိုင်ခဲ့ရတာ ဖြစ်ပါတယ်။ ဇေယျာရွှေမြေအသင်းဟာ အခုပွဲအရေးနိမ့်ခဲ့တာကြောင့် သုံးပွဲကစားရာမှာ တစ်မှတ်သာရသေးပြီး ဖိုလ်လုပွဲတက်ဖို့ မျှော်လင့်ချက်တွေ ဝေဝါးခဲ့ရပြီ ဖြစ်ပါတယ်။

လူစုံထုတ်

မကွေး F.C အတွက်ကတော့ အခုပွဲရလဒ်ဟာ ကျေနပ်စရာကောင်းမှာ အမှန်ဖြစ်ပြီး ဒီပွဲအနိုင်ရလဒ်ကြောင့် အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရခဲ့ပါတယ်။ Delta United နဲ့ ရန်ကုန်ယူနိုက်တက်တို့ပွဲတွေမှာ အကောင်းဆုံးခြေစွမ်းနဲ့ အမှတ်လေးမှတ်ရယူထားနိုင်ခဲ့တဲ့ မကွေး F.C ဟာ အခုပွဲမှာ နောက်ကလိုက်ကစားခဲ့ရပေမယ့် အနိုင်သုံးမှတ် ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ အခုပွဲမှာ မကွေး F.C အနိုင်ရခဲ့တာဟာ ပထမပိုင်းမှာ ကစားပုံမကောင်းခဲ့တာကို ဒုတိယပိုင်းတွင် ပြုပြင်နိုင်ခဲ့ခြင်းနဲ့ လူစားလဲ မှန်ကန်ခဲ့ခြင်းကြောင့်ပဲ ဖြစ်ပါတယ်။ နှစ်သင်းစလုံးအတွက် အရေးပါတဲ့ပွဲစဉ်ဖြစ်တာကြောင့် ဒဏ်ရာရတဲ့သူနဲ့ ပွဲပယ်ကစားသမားတွေကလွဲရင် လူစုံထုတ်ပြီး ရင်ဆိုင်ခဲ့ကြပါတယ်။

ပထမဦးဆုံးဂိုး

ပထမပိုင်းမှာ မကွေး F.C ရဲ့ကစားပုံဟာ ယခင်ပွဲတွေကလို အချိတ်အဆက်မမိခဲ့တာကြောင့် ဇေယျာရွှေမြေဘက်ကို ဖိအားမပေးနိုင်ခဲ့ပါဘူး။ မဖြစ်မနေ အနိုင်သုံးမှတ်လိုနေတဲ့ ဇေယျာရွှေမြေဟာ ပွဲစကတည်းက တိုက်စစ်အားမြှင့်ပြီး ကစားခဲ့ပါတယ်။ ဒါပေမယ့် ဂိုးရလိုစိတ်များနေပြီး နားလည်မှုတွေလွဲနေတာ၊ မကွေး F.C နောက်တန်း အမှားနည်းခဲ့တာကြောင့် ဇေယျာရွှေမြေ ဂိုးရဖို့ရှန်းကန်ခဲ့ရပါတယ်။ ၄၁မိနစ်မှာတော့ ဇေယျာရွှေမြေအသင်း ဦးဆောင်ဂိုးရသွားပြီး ရာဇာဝင်းသိန်း ကန်တင်ပေးတဲ့ဘောလုံးကို ထူးကျော်က အပိုင်ခေါင်းတိုက်သွင်းယူခဲ့တာဖြစ်ပါတယ်။ အဲဒီဂိုးဟာ အခုပြိုင်ပွဲမှာ ဇေယျာရွှေမြေ သွင်းယူနိုင်တဲ့ ပထမဦးဆုံးဂိုးပဲ ဖြစ်ပါတယ်။

ခေါင်းတိုက်သွင်းယူ

ဒုတိယပိုင်းမှာတော့ မကွေးF.C ရဲ့ ကစားပုံဟာ ပိုကောင်းလာပြီး ဇေယျာရွှေမြေဘက်ကို ပထမပိုင်းထက်ဖိအားပေးလာနိုင်ပါတယ်။ လွင်ဦး၊ ဇော်ထက်အောင်တို့ရဲ့ကွင်းလယ်ဟာ အသာစီးယူထားနိုင်သလို အောင်မြင့်အေးနဲ့ စည်သူဝင်းတို့ရဲ့ ရှေ့တန်းကလည်း တိုက်စစ်အားကောင်းခဲ့တာကြောင့် ဇေယျာရွှေမြေအသင်း ခံစစ်တောင့်ခံနိုင်ခြင်းမရှိခဲ့ပါဘူး။ ၅၇မိနစ်မှာတော့ မကွေး F.C ချေပဂိုးပြန်ရသွားပြီး နိုင်လင်းထွန်းကန်တင်ပေးတာကို အောင်မြင့်အေးက ခေါင်းတိုက်သွင်းယူခဲ့တာဖြစ်ပါတယ်။ အောင်မြင့်အေးဟာ ပြီးခဲ့တဲ့ Delta United နဲ့ တစ်ဂိုးစီသရေကျတဲ့ပွဲတုန်းကလည်း ချေပဂိုးကို ခေါင်းတိုက်သွင်းယူခဲ့တာ ဖြစ်ပါတယ်။

အဲဒီနောက်ပိုင်းမှာတော့ နှစ်သင်းစလုံးရဲ့ တိုက်စစ်အားပြိုင်တဲ့ပွဲကို မြင်တွေ့ခဲ့ရပါတယ်။ ရာဇာဝင်းသိန်းဟာ ဇေယျာရွှေမြေ တိုက်စစ်ပိုင်းကို အကောင်းဆုံး ပုံဖော်နိုင်ခဲ့ပေမယ့် ၆၆မိနစ်မှာရတဲ့ အပိုင်ဂိုးသွင်းခွင့်ကိုတော့ ဝင်အောင်မသွင်းနိုင်ခဲ့ပါဘူး။ ဒါ့အပြင် ၆၄ မိနစ်မှာ ထူးကျော် နောက်ခံလူတစ်ဦးကို လိမ်ပြီး ထောင့်ဖြတ်ကန်သွင်းပေမယ့် ဘားထွက်သွားခဲ့ပါတယ်။ ဇေယျာရွှေမြေအသင်းအတွက် အလှည့်အပြောင်းဖြစ်သွားတာကတော့ နောက်တန်းကစားသမား ချမ်းချမ်းကို ထည့်ကစားပြီး ရှေ့တန်းလူ ထူးကျော်ကိုပါ နောက်ဆင်းကစားခိုင်းပြီး သရေရလဒ်ကို ထိန်းကစားဖို့ ကြိုးစားခဲ့တာ ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ မကွေး F.C ပိုဖိကစားလာနိုင်ပြီး ၈၇ မိနစ်မှာ ညီညီဝင်း အစားဝင်လာတဲ့ တိုက်စစ်မှူး ခိုင်ဇော်ထွန်းက မကွေးF.C အတွက် အဖိုးတန် အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့ပါတယ်။ လူစားဝင်လာပြီး နှစ်မိနစ်အကြာမှာပဲ ဘယ်ထောင့်ကနေ ဂိုးထဲကို တိုက်ရိုက် ကန်သွင်းယူခဲ့တာ ဖြစ်ပါတယ်။ အဲဒီဂိုးဟာ ဇေယျာရွှေမြေ ဂိုးသမားရဲ့ အမှားကနေ သွင်းယူခဲ့တာ ဖြစ်ပါတယ်။

ရာဇာဝင်းသိန်း

ပွဲအပြီးမှာ အကောင်းဆုံးဆုရ ရာဇာဝင်းသိန်း (ဇေယျာရွှေမြေ)ကို Grand Royal မှ ကျပ်ငါးသိန်း၊ အနိုင်ရရှိသွားတဲ့ မကွေး F.C ကိုကမ္ဘောဇဘဏ်လီမိတက်မှ ကျပ် ၁၀သိန်း ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။

ပါဝင်ကစား

မကွေး F.C မှာ **ဂိုး**-မျိုးကျော်အောင်၊ **နောက်တန်း**-နိုင်လင်းထွန်း၊ ညီညီဝင်း(ခိုင်ဇော်ထွန်း)၊ ကျော်ကျော်မျိုး၊ လင်းလင်းထွေး၊ **အလယ်တန်း**-လွင်ဦး၊ ဇော်ထက်အောင်၊ အောင်မြင့်အေး၊ ပြည့်ဖြိုးဦး(သိန်းသန်းဝင်း)၊ **ရှေ့တန်း**-ထွန်းမင်းဦး(ထွန်းထွန်းနိုင်)နဲ့ စည်သူဝင်းတို့ ပါဝင်ကစားခဲ့ကြပြီး ဇေယျာရွှေမြေ F.C တွင် **ဂိုး**-ဇော်မိုးထက်၊ **နောက်တန်း**-မျိုးဇော်ထွန်း၊ ဇော်လင်းထွန်း-၁၊ ဇော်ဇော်အောင်၊ မင်းကိုကို၊ **အလယ်တန်း**-အောင်မျိုးသန့် (ချမ်းချမ်း)၊ ကျော်ကိုကို (ကျော်ဇင်ဝင်း)၊ မင်းသူ၊ အောင်မိုး (စည်သူသန်း)၊ **ရှေ့တန်း**- ရာဇာဝင်းသိန်းနဲ့ ထူးကျော်တို့ ပါဝင်ကစားခဲ့ကြပါတယ်။

ဇေယျာရွှေမြေ F.C နှင့် မကွေး F.C အသင်းတို့ ယှဉ်ပြိုင်ကြရာ ပရိသတ်များ ဤသို့ ကြည့်ရှုအားပေးကြသည်။ (မြန်မာ့အလင်း)

အခွင့်အလမ်း

ဇေယျာရွှေမြေနည်းပြချုပ် ဦးဘဏ်ဝင်းက ''အခုပွဲရှုံးသွားလို့ ကျွန်တော်တို့အသင်း ဖိုလ်လုပွဲတက်ဖို့ အခွင့်အလမ်းနည်းသွားပါပြီ။ ဒါပေမယ့် ကျန်တဲ့ပွဲတွေကို မျှော်လင့်ချက်အပြည့်နဲ့ကစားသွားမှာပါ။ ဒီနေ့ပွဲမှာ အနိုင်ရလဒ်ကို ကျွန်တော်တို့ မထိန်းနိုင်ခဲ့ပါဘူး။ နည်းဗျူဟာပြောင်းလဲပြီး ရလဒ်ကောင်းရဖို့ လုပ်ခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး'' လို့ပြောကြားခဲ့ပါတယ်။

ကျေးဇူးတင်

မကွေး F.C နည်းပြချုပ် ဦးကြည်လွင်က ''အခုပွဲအနိုင်ရလဒ်အတွက် ကစားသမားတွေရဲ့စွမ်းဆောင်ရည်ကို ကျေနပ်သလို တစ်ခဲနက်အားပေးတဲ့ ပရိသတ်ကြီးကိုလည်းကျေးဇူးတင်ပါတယ်။ ပထမပိုင်းမှာလိုချင်တဲ့ပုံစံမရခဲ့ပေမယ့် ဒုတိယပိုင်းမှာတော့ ကောင်းကောင်းကစားနိုင်ခဲ့ပါတယ်။ အခုပွဲဟာ နှစ်သင်းစလုံးအတွက် အရေးပါတဲ့ ပွဲဖြစ်သလို ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပါတယ်။ လာမယ့်ပွဲတွေကိုလည်း အကောင်းဆုံး ကြိုးစားသွားမှာပါ'' လို့ ပြောကြားခဲ့ပါတယ်။ ။

ယနေ့ပွဲ

သုဝဏ္ဏကွင်း

Southern Myanmar - Delta United

(မြန်မာ့အလင်း)

မကွေး F.C ပရိသတ်များ ဤသို့ အောင်ပွဲခံခဲ့ကြသည်။ (မြန်မာ့အလင်း)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့) နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၉ခုနှစ် မေလအတွက်
နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
(၃၁-၅-၂၀၀၉)ရက်နေ့
၂၀၀၉ခုနှစ် ဇွန်လအတွက်
(၁၄-၆-၂၀၀၉)ရက်နေ့
နှင့်
(၂၈-၆-၂၀၀၉)ရက်နေ့

သက်ရှိ
လောက
တည်မြဲဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

ငါးရစ်ငါးသန်ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်၊ ချောင်း၊ အင်းအိုင်အနှံ့အပြား၌ မျိုးရည်ပြည့်ဝသော ငါးထီးကြီးများနှင့် ဥများဖြင့်ပြည့်နေသောငါးမကြီးများသည် ဥချရန် နေရာရှာဖွေ၍ ငါးရစ်တက်ကြပါသည်။

ထိုငါးရစ်တက်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်လေးများသည်လည်း သေကျေ ပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူမပြုနိုင်တော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ''ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ(၄၅)''အရ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချ သားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ဘာဘာတော့ဗ် မန်ယူက ထွက်ခွာတော့မည်လော

ရေးသားတင်ပြသူ-မောင်မောင်မြင့်ဆွေ — စာမျက်နှာဖွဲ့စည်းမှု - တင်မောင်လွင်(မြန်မာ့အလင်း)

လန်ဒန် မေ ၃၀

မန်ယူအသင်းက ထွက်ခွာဖို့ မိမိစဉ်းစားနေပြီလို့ ဘူလ်ဂေးရီးယားနဲ့မန်ယူတိုက်စစ်မှူး ဘာဘာတော့ဗ်က မေ၃၀ရက်မှာထုတ်ဖော်ပြောကြားလိုက်တာမို့ မန်ယူပရိသတ်တွေ အံ့သြနေကြပါတယ်။

ဂိုးအများဆုံးသွင်း

ဘာဘာတော့ဗ်အနေနဲ့ ချန်ပီယံလိဂ်ဖလားပွဲစဉ်တစ်လျှောက်မှာ လေးဂိုးသွင်းယူပေးထားနိုင်ခဲ့ပြီး မန်ယူအသင်းအတွက် ချန်ပီယံလိဂ်ဖလားပွဲစဉ်တွေမှာ ဂိုးအများဆုံး သွင်းယူပေးခဲ့တဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။

ဒါပေမယ့် ဒီလိုလေးဂိုးသွင်းယူနိုင်ခဲ့တဲ့တိုက်စစ်မှူးကို ချန်ပီယံလိဂ်ဖလားဗိုလ်လုပွဲမှာပွဲထွက်ကစားသမားအဖြစ် ပါဝင်မကစားခဲ့ရဘဲ အချိန်ပိုင်းသာ ပါဝင်ကစားခဲ့ရလို့ ဘာဘာတော့ဗ် စိတ်ပျက်ခဲ့ပြီး ခံစားခဲ့ရတယ်လို့ ဆိုပါတယ်။

၂၉ပွဲပါဝင်ကစား

ဘာဘာတော့ဗ်ဟာ စပါးအသင်းကနေပြီးမန်ယူအသင်းကို ပြောင်းရွှေ့ကြေးပေါင်၃၂သန်းနဲ့ရောက်ရှိလာခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပြီး မန်ယူအတွက် ဒီနှစ်ဘောလုံးရာသီမှာ ၂၉ပွဲပါဝင်ကစားခဲ့ရာက ကိုးဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးလည်းဖြစ်ပါတယ်။

ခံစားချက်

ဒါပေမယ့် ပရီမီယာလိဂ်မှာ ပွဲချိန်ပြည့် ပါဝင်ကစားခွင့်နည်းခဲ့လို့ ဘာဘာတော့ဗ် အနေနဲ့ အရန်တိုက်စစ်မှူးအဖြစ်နဲ့ပဲ ရပ်တည်နေရတယ်လို့ ခံစားချက်ရှိနေခဲ့ပါတယ်။ ဖာဂူဆန်က ဘာဘာတော့ဗ်ကို အဓိကပွဲစဉ်တွေမှာ ပထမပွဲထွက်ကစားသမား စာရင်းမှာ ထည့်သွင်းဖို့ ဝန်လေးခဲ့တယ်လို့ ဆိုပါတယ်။

ဘာဘာတော့ဗ်အနေနဲ့ မန်ယူကိုရောက်ရှိခဲ့တဲ့ ၂၀၀၈-၂၀၀၉ဘောလုံးရာသီမှာ မန်ယူအတွက် ချန်ပီယံလိဂ်မှာ လေးဂိုး၊ ပရီမီယာလိဂ်မှာ ကိုးဂိုးနဲ့အက်ဖ်အေဖလားပွဲမှာ တစ်ဂိုး သွင်းယူပေးခဲ့တာမို့ စုစုပေါင်း ၁၄ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။

လျင်မြန်မှုအားနည်း

ဒါပေမယ့် ဘာဘာတော့ဗ်ရဲ့ ကစားမှုဟာ တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းတက်မလာဘဲ လက်ရှိအနေအထားမှာပဲ ရပ်တန့်နေတယ်လို့ ဖာဂူဆန်က သုံးသပ်ခဲ့တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် တိုက်စစ်မှာ အုပ်စုဖွဲ့ကစားတဲ့ အချိန်တိုင်း လျင်မြန်မှုအပိုင်း အားနည်းတယ်လို့ ဆိုပါတယ်။

မန်ယူမှ ထွက်ခွာရန် ပြင်ဆင်နေသည့် ဘာဘာတော့ဗ်။

ဘာဘာတော့ဗ်ဟာ အရပ်ခြောက်ပေနှစ်လက်မရှိလို့ အရပ်အမောင်းမြင့်တဲ့ တိုက်စစ်မှူးမရှိတဲ့ မန်ယူတိုက်စစ်မှာ ပွဲတိုင်းထည့်သွင်း ကစားသင့်တဲ့ တိုက်စစ်မှူးတစ်ဦးပါလို့ ဘာဘာတော့ဗ်ရဲ့ အေးဂျင့်က ပြောကြားနေပါတယ်။

အသက် ၂၈နှစ်အရွယ်ရှိ တိုက်စစ်မှူး ဘာဘာတော့ဗ်ဟာ မန်ယူကလပ်မှာ တစ်နှစ်ပဲ ကစားရသေးပြီး ပြောင်းရွှေ့ဖို့စဉ်းစားနေတဲ့အချက်ထဲမှာ မန်ယူကစားသမားတွေနဲ့ ဆက်ဆံရေးအပိုင်းလည်း ပါဝင်ပါတယ်။ မန်ယူအသင်းရဲ့ တိုက်စစ်မှူးတွေဟာ နွေးထွေးတဲ့ဆက်ဆံရေးပိုင်းမှာ အားနည်းကြတယ်လို့ ဆိုပါတယ်။

ခြေစွမ်းမပြနိုင်

ဘာဘာတော့ဗ်အနေနဲ့ကတော့ မန်ယူမှာကစားရတာ ဂုဏ်ယူစရာဖြစ်ပေမယ့် ဆက်ဆံရေးအပိုင်းမှာတော့ အဖုအထစ်လေးတွေရှိလို့ အဆင်မပြေပါဘူး။ ဒါ့အပြင် ထက်ထက်မြက်မြက်နဲ့ ခြေစွမ်းမပြနိုင်ခဲ့လို့ မန်ယူကလပ် တာဝန်ရှိသူတွေရဲ့ ဝေဖန်ပြစ်တင်မှုကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။

ခေါ်ယူဖို့ ပြင်ဆင်

ဒါကြောင့် ဘာဘာတော့ဗ် မန်ယူကနေပြီး ထွက်ခွာဖို့ စီစဉ်နေတယ်ဆိုတဲ့ သတင်းကြောင့် ဥရောပထိပ်တန်းကလပ်အသင်းတွေဖြစ်တဲ့ အေစီမီလန်၊ ဂျူဗင်းတပ်စ်နဲ့ရီးရဲမက်ဒရစ်တို့က စိတ်ဝင်စားပြီး ခေါ်ယူဖို့ ပြင်ဆင်နေကြပြီ ဖြစ်ပါတယ်။

ဒါကြောင့် လာမယ့်ဘောလုံးရာသီမှာ ဘာဘာတော့ဗ် မန်ယူမှာ ဆက်လက်ကစားမှု ရှိမရှိဆိုတာ စိတ်ဝင်စားစွာ စောင့်ကြည့်ရမှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။ **(အင်တာနက်)**

ထရေဇီဂေးအား ရောင်းမည်ဟုဆို ဂျူဗင်းတပ်စ် အသင်းဥက္ကဋ္ဌ ပြောကြား

ထရေဇီဂေး။

ရောမ မေ ၃၀

ဂျူဗင်းတပ်စ် အသင်းဥက္ကဋ္ဌ ဂျီယိုဗန်နီ ကိုဘိုလီဂစ်ဂလီသည် ဒေးဗစ်ထရေဇီဂေးအား သင့်တော်သော ဈေးနှုန်းဖြင့် ရောင်းချမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

ပြန်လည်ပြောင်းရွှေ့

အသက် ၃၁နှစ်ရှိ ပြင်သစ်လက်ရွေးစင်ကစားသမားဟောင်း ထရေဇီဂေးသည် ၎င်းအား ဆက်သွယ်နေသော ဇာတိမြေပြင်သစ်မှ မာဆေးလ်သို့မဟုတ် လိုင်ယွန်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ဖွယ်ရှိပြီး ကိုဘိုလီဂစ်ဂလီသည် ထင်ကြေးသတင်းများကို ချေဖျက်ခဲ့ခြင်းလည်း ဖြစ်သည်ဟု ဆိုသည်။

စိတ်ဝင်စားဖွယ်ကောင်းသော ကမ်းလှမ်းမှုမျိုးရှိလာပါက ထရေဇီဂေးအား ရောင်းထုတ်မည်ဟုလည်း ဂစ်ဂလီက ပြောကြားခဲ့သည်။

အိုလံပစ်လက်ဝှေ့ ရွှေတံဆိပ်နှစ်ဆုရှင် ရီဂွန်ဒိုး မီယာမီ၌ ပွဲဦးထွက်ဆုကြေးစား လက်ဝှေ့သရဖူ ဆွတ်ခူး

မီယာမီ မေ ၃၀

အိုလံပစ်လက်ဝှေ့ ရွှေတံဆိပ်နှစ်ဆုရှင် ဂွီလာမိုရီဂွန်ဒိုးသည် မေ ၂၃ ရက်က ဖလော်ရီဒါပြည်နယ် မီယာမီမြို့၌ ယှဉ်ပြိုင်ထိုးသတ်သော လက်ဝှေ့ပြိုင်ပွဲ၌ ပြိုင်ဘက်လက်ဝှေ့သမား ဂျူအန်နိုရီဂါအား တတိယအချီတွင် အလဲထိုးအနိုင်ယူကာ ၎င်း၏ပွဲဦးထွက် ဆုကြေးစား လက်ဝှေ့သရဖူကို ဆွတ်ခူး ရယူခဲ့သည်။

အနိုင်ရယူ

ဖန်တိုင်နီဘလီယူ ဟိုတယ်နှင့်အပန်းဖြေစခန်း၌ ပြုလုပ်သော ဂျူနီယာဖယ်သာဝိတ် လက်ဝှေ့ပြိုင်ပွဲတွင် လွှန်ခဲ့သည့် ဖေဖော်ဝါရီလက ကျူးဘားမှ ပြောင်းရွှေ့လာသူရီဂွန်ဒိုးသည် ထိုးနက်ချက် မသွက်လက်သော်လည်း ပြိုင်ဘက်နိုရီဂါ၏ ထိုးသတ်ချက်များကို အားပျော့သွားစေကာ အနိုင်ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

ထိထိမိမိ

အသက် ၂၈ နှစ်ရှိ ရီဂွန်ဒိုးသည် တတိယအချီ စက္ကန့် ၃၀တွင် ၎င်း၏ ပြိုင်ဘက် နိုရီဂါ၏ ဦးခေါင်းအား ညာလက်သီးဖြင့် ထိထိမိမိ ထိုးမိခဲ့ပြီးနောက် ပြိုင်ဘက်ကို စီးမိုးကာ အောင်ပွဲဆင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဂွီလာမိုရီဂွန်ဒိုး။

(အင်တာနက်)

လာမည့်ဘောလုံးရာသီ၌ ရွှေဖိနပ်ဆုရရန် တိုက်စစ်မှူး ဒီဂိုဖော်လန် မျှော်မှန်း

ရောမ မေ ၃၀

ဒီဂိုဖော်လန်သည် လာမည့်ဘောလုံးရာသီတွင် အက်သလက်တီကို မက်ဒရစ်အသင်းအား ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရအောင် စွမ်းဆောင်ကာ ဂိုးသွင်းရင်း ဥရောပ ရွှေဖိနပ်ဆု ဒုတိယအကြိမ် ရရှိအောင် ကြိုးစားမည်ဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။

ရွှေဖိနပ်ယူမည့် ဖော်လန်။

ရပ်တည်နေ

အက်သလက်တီကို မက်ဒရစ်သည် တိုက်ရိုက်သုံးသင်း ချန်ပီယံလိဂ်ဝင်ခွင့်ရ စပိန်လာလီဂါ ချန်ပီယံဘာစီလိုနာ၊ ရီးရဲမက်ဒရစ်နှင့် ဆီဗီလာတို့၏နောက် စတုတ္ထနေရာ၌ ရပ်တည်နေသည်။

ရွှေဖိနပ်ဆု

ဥရုဂွေးတိုက်စစ်မှူး ဒီဂိုဖော်လန်သည် နောက်ဆုံးလာလီဂါပွဲစဉ် ခုနစ်ပွဲတွင် ၁၁ဂိုး သွင်းယူခဲ့ပြီး ယခုဘောလုံးရာသီ တစ်ခုလုံးတွင် စုစုပေါင်း ၃၁ဂိုးသွင်းယူခဲ့သူဖြစ်သည်။ အသက် ၃၀ရှိ ဒီဂိုဖော်လန်သည် ၂၀၀၄-၂၀၀၅ ဘောလုံးရာသီက ဗီလာရီးရဲလ်အသင်းအတွက် ၂၅ဂိုးသွင်းယူကာ ရွှေဖိနပ်ဆုကို အွန်နရီနှင့် ပူးတွဲရရှိခဲ့သည်။ (အင်တာနက်)

ပို့စ်မောက်တွင် အဲရစ်ဆင် နည်းပြ တာဝန်ယူရေး နီးစပ်လာပြီဟုဆို

ရောမ မေ ၃၀

အင်္ဂလန် လက်ရွေးစင်နှင့် မန်စီးတီး အသင်းနည်းပြဟောင်း ဆဗင်ဂိုရန်အဲရစ်ဆင်သည် ပို့စ်မောက် အသင်းအား ကိုင်တွယ်နည်းပြရန် စိတ်ဝင်စားသည်ဟု အရိပ်အမြွက် ပြခဲ့ပြီးနောက် ယင်းအသင်းအား လွှဲပြောင်းရယူရန် နီးစပ်လာပြီ ဖြစ်ကြောင်းသတင်း၌ ဖော်ပြသည်။

ပို့စ်မောက်အသင်းကို ဒူဘိုင်းအခြေစိုက် ကုမ္ပဏီကြွယ်သူဌေး ဂူလိုင်မန် အယ်လ်ဖာဟင်မ်က ယခုသီတင်းပတ်အတွင်း ဝယ်ယူရန် သဘောတူညီမှု ရရှိခဲ့သည်။

ထွက်ခွာ

ပို့စ်မောက်အသင်းသို့ အယ်လ်ဖာဟင်မ်ရောက်ရှိလာခြင်းကြောင့် ပို့စ်မောက်အသင်းတွင် ကစားသမားကောင်းများ ခေါ်ယူနိုင်ရေးအတွက် ဆွဲဆောင်နိုင်ရန်အတွက် နာမည်ကြီးနည်းပြကို ခေါ်ယူဖွယ်ရှိသည်။ ပို့စ်မောက် အသင်းနည်းပြ တိုနီအဒမ် အသင်းမှ ထွက်ခွာသွားသည့် ဖေဖော်ဝါရီလကတည်းက ပို့စ်မောက်အသင်းက ခေါ်ယူခဲ့သော်လည်း ထိုစဉ်က အဲရစ်ဆင်သည် မက္ကဆီကိုနှင့် လက်ကျန်စာချုပ်ကြောင့် မပြောင်းရွှေ့နိုင်ခဲ့ပေ။

(အင်တာနက်)

ချစ်စိုးနိုင် စုစည်းသည်

ချယ်လ်ဆီးတို့ အက်ဖ်အေဖလား ဆွတ်ခူး ဆာဟာ အမြန်ဆုံး ဂိုးသွင်းစံချိန်တင်

ဖောင်ပိတ်အားကစားသတင်းရေးသူ-မောင်ချစ်ကြည်

လန်ဒန် မေ ၃၀

(၁၂၈)ကြိမ်မြောက် အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို လန်ဒန်မြို့ ဝင်ဘလေကွင်း၌ မေ ၃၀ ရက်က အဲဗာတန်နှင့် ချယ်လ်ဆီးတို့ယှဉ်ပြိုင်ကစားရာ ချယ်လ်ဆီးက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အက်ဖ်အေဖလားကို ဆွတ်ခူးသွားခဲ့ပြီဖြစ်သည်။

အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲသို့ ခုနစ်ကြိမ် တက်ရောက်ခဲ့ဖူးသည့် အဲဗာတန်နှင့် ချယ်လ်ဆီးတို့ ဖလားရရှိရေးအတွက် ချယ်လ်ဆီးက တိုက်စစ်တွင် ဒရော့ဘာနှင့် အနယ်လ်ကာတို့ဖြင့် ပွဲထွက်လာသလို အဲဗာတန်ကလည်း ဆာဟာကို တိုက်စစ်မြားဦးထားပြီး ရင်ဆိုင်ခဲ့သည်။

ပွဲအစ ၂၅စက္ကန့်၌ပင် အဲဗာတန် ကွင်းလယ်ကစားသမားပီနားရာ ချပေးလိုက်သည့် ဘောလုံးကို ဆာဟာက ချယ်လ်ဆီးဂိုးဧရိယာနှင့် ၁၂ကိုက်အကွာမှ ဘယ်ခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိသွားရာ ချယ်လ်ဆီးပရိသတ်များ ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့ရသည်။

စံချိန်တင်

ဆာဟာသွင်းယူသည့်ဂိုးသည် အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ၏ ၁၁၄နှစ်အတွင်း အမြန်ဆုံးဂိုးအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ ထို့နောက် ချယ်လ်ဆီးတို့ ချေပဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့ရာ အက်ဆီယန်နှင့်လမ်းပတ်တို့ ကန်သွင်းမှုများ မသေချာ၍ ဂိုးမရခဲ့ချေ။

ချယ်လ်ဆီးတို့ အောင်ပွဲခံ

လန်ဒန်မြို့ ဝင်ဘလေကွင်း၌ ချယ်လ်ဆီးဘောလုံးသမားများ အက်ဖ်အေဖလားကို ဤသို့ကိုင်မြှောက်ကာ အောင်ပွဲခံခဲ့ကြသည်။ (အင်တာနက်ဓာတ်ပုံ)

ချေပဂိုး

ချယ်လ်ဆီးအတွက် ချေပဂိုးကို ၂၁မိနစ်၌ အဲဗာတန်ဂိုးပယ်နယ်တီဧရိယာ အစပ်မှ ဒရော့ဘာခေါင်းတိုက်သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိခဲ့သည်။ ပထမပိုင်းပွဲချိန်အတွင်း တစ်ဖက် တစ်ဂိုးစီ သရေပွဲဖြစ်နေခဲ့သည်။

ကာကွယ်

ဒုတိယပိုင်းပွဲချိန်အတွင်း ချယ်လ်ဆီးတို့က ဂိုးသွင်းနိုင်ရေး ဖိကစားခဲ့ရာ မိနစ် ၅၀၌ မာလူဒါကန်သွင်းချက်၊ မိနစ်၆၀၌ အနယ်လ်ကာ ကန်သွင်းချက်များ ဘေးထွက်ခဲ့သဖြင့် နစ်နာခဲ့သည်။ ထို့အတူ ၆၂မိနစ်၌ အဲဗာတန်ကွင်းလယ်ကစားသမား တင်ကာဟေး ချယ်လ်ဆီးဂိုး ဧရိယာအပြင်ဘက်မှ ကန်သွင်းမှုမှာလည်း ပီတာချက်ကာကွယ်နိုင်ခဲ့သည်။

ဒုတိယဂိုး

သို့သော် ၇၂မိနစ်၌ အနယ်လ်ကာ ချပေးလိုက်သည့် ဘောလုံးကို လမ်းပတ်က ၂၅ကိုက်အကွာမှ ဘယ်ခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ ဒုတိယဂိုးရရှိခဲ့သည်။ ထို့အတူ ၇၈ မိနစ်၌ မာလူဒါ ဂိုးဧရိယာအစပ်မှ ကန်သွင်းချက်မှာလည်း ဂိုးတိုင်ထိ ထွက်ခဲ့သဖြင့် ချယ်လ်ဆီးတို့ နစ်နာခဲ့သည်။

အောင်ပွဲခံ

ပွဲချိန်ပြည့်သည်အထိ အဲဗာတန်တို့ ချေပဂိုးမသွင်းနိုင်ခဲ့၍ ချယ်လ်ဆီးတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရကာ အက်ဖ်အေဖလားကို ပဉ္စမအကြိမ်မြောက် ကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့ကြသည်။ **(အင်တာနက်)**

အက်ဖ်အေဖလားပြိုင်ပွဲသက်တမ်း ၁၁၄နှစ်အတွင်း အမြန်ဆုံးဂိုးအဖြစ် အဲဗာတန် တိုက်စစ်မှူး ဆာဟာ (ဝဲ) ဤသို့သွင်းယူခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် စက်အရန်ပစ္စည်းများ ဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအတွက် စက်အရန်ပစ္စည်းများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

Roland Sheetfed Offset ၁၅ မျိုး
(စက်အရန်ပစ္စည်း)

၂။ တင်ဒါပေးသွင်းမှုကို ၁၅-၆-၂၀၀၉ရက် (၁၆:၃၀)နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

ပြည်တွင်း/ပြည်ပ
ပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၅၃၄၅၇၄၊ ၅၃၆၀၂၉။



အကောင်းကြိုက်သူများအတွက် သန့်
စပါယ်ရှယ် ပေါ်ဆန်းမွှေး၊ ပဲဆီမွှေး

* **တစ်နှစ်စာဝမ်းစာဆန်များ အထူးဈေးနှုန်းဖြင့် သိမ်းဆည်း၍ရပါပြီ။**
* ရွေးချယ် သန့်စင်ပြီး ခပ်ချက်ဖြစ်ပါသည်။
* ယနေ့မှာကြားလျှင် ယနေ့အရောက် ဝန်ဆောင်မှုဖြစ်ပါသည်။

တိုက် ၃/၀၀၄၊ ဇေယျာမွန်အိမ်ရာ၊ ဘုရင့်နောင်လမ်းမကြီး၊ ဖုန်း-၆၈၁၂၀၉၊ ၆၈၁၅၀၄၊ ၆၈၂၉၃၄၊ ၀၉-၉၉-၂၈၁၆၃။

ခါအုပ်
ခါပေ
လှမိုတ်ဆွေ



Land Rover ကားရောင်းမည်

Land Rover တံခါး(၅)ပေါက်၊ ဘယ်မောင်း၊ လေလံစာရွက်စာတမ်း အပြည့်အစုံနှင့် ရောင်းမည်။

ဆက်သွယ်ရန် - ကိုစိန်ဖြိုး
ဖုန်း - ၀၉-၈၆-၄၀၇၂၁

ပေါင်းဆန် စိတ်ဝင်စားသူများသို့ ဖိတ်ကြားလွှာ

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းသည် ပေါင်းဆန် ပြန်လည်ထုတ်လုပ် တင်ပို့ရောင်းချနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ သို့ပါ၍ ပေါင်းဆန် ထုတ်လုပ်မှုအတွေ့အကြုံရှိသူများ၊ ပညာရှင်များ၊ ကြိတ်ခွဲထုတ်လုပ်လိုသူများ၊ ပြည်တွင်း/ပြည်ပ ရောင်းဝယ်ဖောက်ကားလိုသူများနှင့် ပေါင်းဆန်ကို စိတ်ဝင်စားသူများအားလုံး ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆွေးနွေးညှိနှိုင်းလိုပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၅-၆-၂၀၀၉ရက် (သောကြာနေ့)
ကျင်းပမည့်အချိန် - မွန်းလွဲ ၁:၀၀ နာရီ
ကျင်းပမည့်နေရာ - အစည်းအဝေးခန်းမ
မြန်မာဆန်စက်လုပ်ငန်းရှင်များအသင်း
UMFCCI Office Tower (ခုနစ်လွှာ)

ဆက်သွယ်ရန် ဖုန်း - ၂၁၄၈၄၉၊ ၂၁၆၆၅၈၊ ၂၁၆၆၅၉။

DATSUN 5 ချိတ်(ကျပ်၅၅သိန်း) 2Y အင်ဂျင်-ဂီယာပြောင်းပြီး၊ ဆေး၊ ဘော်ဒီ၊ လိုင်စင်အသစ်၊ **Prestro 5** ချိတ်(ကျပ်၅၅သိန်း)၊ **4K** အင်ဂျင်၊ ဂီယာပြောင်းပြီး၊ ဆေး၊ ဘော်ဒီ၊ လိုင်စင် အသစ်၊ ဏ/-----
ဖုန်း-၀၉-၅၁၆၁၆၀၈။

Golden Triangle Pet Shop

ယခုလက်ရှိ Pug. Bulldog. Peking. Alsation. Chihuahua. Dalmation. Pomeranian. Tibetan. Spanied သားပေါက်ကလေးများ ရောင်းရန်ရှိပါသည်။

ကြိုးအမျိုးမျိုးနှင့် လှောင်အိမ်အသေးမှ ဘီးတပ်လှောင်အိမ်အကြီးမျိုးစုံကို ရရှိနိုင်ပါသည်။ မိမိမွေးမြူလိုသော အလှမွေးခွေး၊ ခြံစောင့်ခွေးကြီးမျိုးစုံကိုလည်း ဈေးနှုန်းချိုသာစွာဖြင့် မျိုးမှန်၊ ဈေးနှုန်းမှန်ကန်စွာဖြင့် လိုအပ်သလို မှာယူရရှိနိုင်ပါသည်။

အမှတ် ၂၂ (A)၊ ရွှေခင်းသာလမ်းမကြီး၊ ရွှေခင်းသာကစားကွင်းနှင့် ပန်းခြံအလွန်၊ သာကေတမြို့နယ်၊ ဖုန်း-၀၉-၅၀-၈၁၅၃၈၊ ၀၉-၅၁-၆၃၂၄၅၊ ၀၁-၂၀၀၀၃၃။

Diamond City Hyper Mart
မုတ်သုံဦး အထူးအီလက်ထရွန်နစ်
အရောင်းပွဲတော်ကျင်းပနေ

ရန်ကုန် မေ ၃၀

Diamond City Hyper Mart မုတ်သုံဦး အထူးအီလက်ထရွန်နစ် အရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို မေ၂၇ရက် နံနက် ၉နာရီက လှိုင်သာယာမြို့နယ် FMI City ရှေ့ရှိ အဆိုပါ Hyper Mart (Level-1) ၌ ကျင်းပသည်။

ရှေးဦးစွာ Diamond City Hyper Mart မှ Senior Director ဦးရဲမြင့်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဖွင့်လှစ်

ထို့နောက် Diamond City Hyper Mart ဒါရိုက်တာ ဦးစောလွင်နှင့် TMW Enterprise Co., Ltd. မန်နေဂျာ ဦးကျော်ကျော်လွင်တို့က အီလက်ထရွန်နစ် အရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

စည်ကား

အဆိုပါ မုတ်သုံဦး အထူး အီလက်ထရွန်နစ်အရောင်းပွဲတော်ကို မေ၂၇ရက်မှဇွန်၂ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပေးသွားမည်ဖြစ်ပြီး ပွဲတော်ရက်များ၌ Diamond City Hyper Mart, Electronic Mart နှင့် Sony, LG, T.Home, OTO, Nibban, Samsung, Panasonic, Toshiba, Orchid, Sakura, ဦးမောင်စိန်နှင့်ညီများ၊ Polytron, Zulex နှင့်အခြားသော Electronic ကုမ္ပဏီများက ပါဝင်ပြသ ရောင်းချသွားမည်ဖြစ်သည်။

လျှော့ပေး

ထို့ပြင်ပါဝင်သောကုမ္ပဏီများက အထူးလက်ဆောင်များအပြင် အထူးလျှော့ဈေးအနေဖြင့် ၅၀ ရာခိုင်နှုန်းအထိ လျှော့ပေးသွားမည်ဖြစ်သည်။

ပါဝင်

ဝယ်ယူ အားပေးသူများအတွက် ဈေးနှုန်းချိုသာစွာ တစ်နေရာတည်းတွင် အိမ်သုံးလျှပ်စစ်ပစ္စည်းမျိုးစုံကို စိတ်တိုင်းကျ ဝယ်ယူနိုင်ရန် စီစဉ်ထား၍ ငွေကျပ် ၂၀၀၀၀ဖိုး ဝယ်ယူသူတိုင်း ကံစမ်းမဲတစ်စောင်စီ ကံစမ်းခွင့် ရရှိမည်ဖြစ်ပြီး ရေခဲသေတ္တာ၊ တီဗွီ၊ ဒီဗွီဒီ၊ ထမင်းပေါင်းအိုး၊ မီးပူနှင့် အခြားအိမ်သုံးလျှပ်စစ်ပစ္စည်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



သစ်ပင်
စိုက်ပါ
ဖို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးအောင်ကျော်ဝင်း မြို့တွင်းလမ်းများ သန့်ရှင်းရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ရေဦးမြို့နယ် အလင်းစကားစာကြည့်တိုက်တွင် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြော

ရေဦး မေ ၂၂

ရေဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်လင်းနှင့် ဝန်ထမ်းများသည် မြို့နယ်အတွင်း ဖွင့်လှစ်ပြီး ကျေးရွာစာကြည့်တိုက်များအား စံ(၅)ချက်နှင့်အညီ ခိုင်မာရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများ စာဖတ်ရှိန်မြင့်မားရေးတို့အတွက် ကျေးရွာများသို့ နယ်လှည့်လှုပ်ရှားမှုဆောင်ရွက်ရာ မေ၆ရက် နံနက်၁၀နာရီက အောင်သာကျေးရွာ အလင်းစကားစာကြည့်တိုက်၌ ကျေးရွာပြည်သူများနှင့် ဟောပြောပွဲ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်လင်းက ကျေးရွာစာကြည့်တိုက် ခိုင်မာရှင်သန်ရေးကို ရှင်းလင်းပြီး ကျေးရွာနေ ပြည်သူများ စာဖတ်ကြရေး ဟောပြောသည်။

ဆက်လက်၍ စာကြည့်တိုက် လက်ထောက်(၃) ဦးမောင်မောင်က စာကြည့်တိုက်ရှိ စာအုပ်များ ငှားရမ်းမှုစနစ်နှင့် စာဖတ်သူများအား အသင်းဝင်မှတ်ပုံတင်စနစ်တကျ ရေးသွင်းနည်းကို ရှင်းလင်းဟောပြောသည်။

တက်ရောက်

အဆိုပါဟောပြောပွဲသို့ ကျေးရွာမှ လူကြီး၊ လူငယ်များတက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

တာချီလိတ်မြို့ မြို့ရေပေးရေးလုပ်ငန်းဖြစ်သည့် နမ့်ဖလောက်ရေကာတာမှ ၁၀လက်မ ဂျီအိုင်ပိုက် သွယ်တန်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလှမျိုးနှင့်အဖွဲ့ဆောင်ရွက်လျက်ရှိရာ မေ၉ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ခွာနာလျှာနာရောဂါကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

ခွာနာလျှာနာရောဂါသည် ရာသီအကူးအပြောင်းနှင့် စိုစွတ်သောကာလများတွင် ပိုမိုဖြစ်ပွားလေ့ရှိသဖြင့် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများကို ပူးပေါင်း ဆောင်ရွက်နိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

၁။ **ခွာနာလျှာနာရောဂါ**
- ခွာနာလျှာနာ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားသည်။
- ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက် စသည့် အိမ်မွေးတိရစ္ဆာန်သာမက တောရိုင်း ခွာကွဲတိရစ္ဆာန်များတွင်ပါ ဖြစ်ပွားနိုင်သည်။
- ကူးစက်မှုမြန်ပြီး တိရစ္ဆာန်ငယ်များတွင် သေဆုံးသည်အထိ ပြင်းထန်သည်။
- ခိုင်းကျွဲ၊နွားများ လုပ်ငန်းခွင်မဝင်နိုင်ခြင်း၊ ရောဂါပျောက်ကင်းသော်လည်း အမောမလုံခြင်း၊ တိရစ္ဆာန်အမများတွင် သားလျှောခြင်း၊ နို့ထွက်နှုန်းလျော့ကျခြင်း၊ သားမအောင်ခြင်း၊ မြုံခြင်းဖြစ်စေသည်။

၂။ **ရောဂါလက္ခဏာများ**
- ကိုယ်အပူချိန်တက်ခြင်း၊ အစာမစားဘဲ ငေးမှိုင်နေခြင်း။
- သွားကြိတ်ခြင်း၊ သွားရည်ကျခြင်း။
- လျှာ၊ အာခေါင်၊ သွားဖုံး၊ ခံတွင်းတို့တွင် အရည်ကြည်ဖုများ ဖြစ်ပေါ်ခြင်း၊ အရည်ကြည်ဖုများ ပေါက်ကွဲကာ အနာများဖြစ်လာခြင်း။
- ခွာကြား၊ ခွာပန်းကုံးတို့တွင်လည်း အရည်ကြည်ဖုနှင့် အနာများဖြစ်ခြင်း။
- ခြေထောက်နာပြီး လမ်းကောင်းစွာမလျှောက်နိုင်ခြင်း။
- ဝက်များတွင် နှာဖျား၊ နို့အုံ၊ နို့သီးခေါင်းနှင့် ခွာတွင် အရည်ကြည်ဖုနှင့် အနာများဖြစ်ခြင်း။

၃။ **ရောဂါကူးစက်ပျံ့နှံ့ခြင်း**
- ရောဂါဖြစ်နေသော တိရစ္ဆာန်များသာမက ရောဂါလက္ခဏာမပြဘဲ ရောဂါကူးစက်ထားသည့် တိရစ္ဆာန်များ၏ တံတွေး၊ နှာရည်၊ ဆီး၊ ဝမ်း၊ သွေး၊ နို့ရည်၊ အနာဖေး၊ အနာသားနံရည်နှင့် စာမြုံ့ဖတ်တို့တွင် ရောဂါပိုးပါရှိသည်။
- ခွာနာလျှာနာရောဂါပိုး သို့မဟုတ် ရောဂါပိုးပါရှိသည့် အညစ်အကြေးစွန်းပေနေသောပစ္စည်းကို တစ်နည်းနည်းဖြင့် စားမိ၊ ရှူမိ၊ ထိတွေ့မိသော ခွာကွဲ တိရစ္ဆာန်အား ရောဂါကူးစက်နိုင်သည်။
- ရောဂါဖြစ်တိရစ္ဆာန်နှင့် တိုက်ရိုက်နီးကပ်ဆက်စပ်မှုမရှိသော်လည်း ရောဂါဖြစ် တိရစ္ဆာန်၏ အညစ်အကြေးများ ပေစွန်းနေသော ပစ္စည်းများ (အသား၊ သွေး၊ ကလီစာ၊ သားရေ၊ စပါးခွံ၊ ကောက်ရိုး၊ လှည်း၊ ဆိုင်ကယ်၊ ကား၊ အဝတ်အစား၊ဖိနပ်)တွင် ရောဂါပိုး ကပ်ငြိပါရှိနိုင်သဖြင့် ယင်းတို့မှ တစ်ဆင့်လည်း ရောဂါကူးစက်ပျံ့နှံ့နိုင်သည်။

၄။ **ရောဂါကာကွယ်ခြင်း**
- ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်များကို ခွာနာလျှာနာရောဂါကာကွယ်ဆေးထိုး ပေးနိုင်သည်။
- ပထမအကြိမ်ထိုးပေးပြီး နှစ်ပတ်မှလေးပတ်အတွင်း ဒုတိယအကြိမ် ထပ်ထိုးပေးရန်နှင့် ၄င်းနောက် ခြောက်လတစ်ကြိမ်ပုံမှန် ထိုးပေးရန် လိုအပ်သည်။
- ကာကွယ်ဆေးထိုးရန် နီးစပ်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးများသို့ ဆက်သွယ်နိုင်သည်။

၅။ **ရောဂါထိန်းချုပ်ခြင်း**
- ရောဂါဖြစ်တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့် ဝေးရာတွင် သီးခြားချည်နှောင်ထားပါ။ လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ခြင်းမပြုပါနှင့်။
- ရောဂါဖြစ်တိရစ္ဆာန်၏ တံတွေး၊ နှာရည်၊ ဆီး၊ ဝမ်းစသည်များနှင့် အစာအကြွင်းအကျန်များကို သီးခြားစုပုံပြီး ထုံးဖြူးခြင်း၊ ခြံသုံးပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ပါ။ ခြံနှင့် ခြံပတ်ဝန်းကျင် ထုံးဖြူးပိုးသတ်သန့်စင်ပါ။
- ရောဂါဖြစ်တိရစ္ဆာန်အား ကျွေးမွေးပြုစုခြင်းကို ဖြစ်နိုင်ပါက လူတစ်ဦးတည်းမှ ဆောင်ရွက်ပါ။ လုပ်ငန်းဆောင်ရွက်ပြီးတိုင်း တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် လက်၊ ခြေ၊ အဝတ်အစားနှင့် ဖိနပ်တို့ကို ဆပ်ပြာဖြင့် ဆေးကြောသန့်စင်ပါ။
- မိမိကျေးရွာ သို့မဟုတ် ကျေးရွာဝန်းကျင်တွင် ရောဂါဖြစ်ပွားနေပါက မိမိ၏တိရစ္ဆာန်ကို လွှတ်မကျောင်းဘဲ မိမိအိမ်ခြံအတွင်း ချည်နှောင်ထားပါ။

၆။ **ရောဂါကုသခြင်း**
- ကျောက်ချဉ် နှစ်ကျပ်သားကို ရေငှက်ပျောဖူးပုလင်းတစ်ပုလင်းနှင့် ဖျော်ထားသော ဖျော်ရည်ဖြင့်လျှာကို တစ်နေ့လေးကြိမ် သုတ်လိမ်းပေးပါ။
- ခွာအနာကို ဖန်ရည်ဆေး၍ ဆေးကတ္တရာကို အနာထဲဝင်အောင် သုတ်လိမ်းပေးပါ။

၇။ **ပူးပေါင်းဆောင်ရွက်ခြင်း**
- ရောဂါဖြစ်ပွားလျှင် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ဆောလျင်စွာသတင်းပေးပို့၍ ရောဂါဖြစ်ပွားမှုကို လျင်မြန်စွာထိန်းချုပ်နိုင်ရေး ပူးပေါင်း ဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

မြိတ်မြို့ ဗန္ဓုလလမ်း အလျား ၃၃၃၉ပေ၊ အကျယ် ၁၂ပေကို စည်ပင်နှင့်ပြည်သူပူးပေါင်း၍ ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် ကျောက်ခင်းနေမှုအား တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး စစ်ဆေးရာ အမှုဆောင်အရာရှိ၊ တာဝန်ခံအင်ဂျင်နီယာနှင့် လမ်းဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သုံးခွမြို့နယ်၌ အထူးဈေးရောင်းပွဲတော်ကျင်းပ

သုံးခွ မေ ၂၇

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် မြို့နယ်အားကစားခန်းမ၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲ အခမ်းအနားကို မေ ၂၅ ရက်က ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ရန်ကုန်တိုင်း ကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဒေါ်အေးအေးနွဲ့တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)**

အဆိုပါ အထူးဈေးရောင်းပွဲတော်တွင် လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်၊ အဝတ်အထည်၊ စာရေးကိရိယာ၊ ဆေးဝါးပစ္စည်းများနှင့် အိမ်သုံးပစ္စည်းများကို မေ၂၅ရက်မှ ၃၁ရက်အထိ ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ်သတင်းများ

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်အဝေးသင်တက္ကသိုလ် e-Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်
(တနင်္လာမှ သောကြာ) နံနက် ၈ နာရီမှ ၁၀ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ

၁-၆-၂၀၀၉ (တနင်္လာနေ့)
- ☐ Electrophilic Addition to Unsaturated Carbon
  - တတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Continuous Functions
  - တတိယနှစ် သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ

၂-၆-၂၀၀၉ (အင်္ဂါနေ့)
- ☐ Heterocyclic Compounds and Alkaloids
  - တတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Phobic Disorders
  - တတိယနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ

၃-၆-၂၀၀၉ (ဗုဒ္ဓဟူးနေ့)
- ☐ Logic of Truth Function
  - ဒုတိယနှစ် ဒဿနိကဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ An Introduction to the Study of Law
  - ပထမနှစ် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ

၄-၆-၂၀၀၉ (ကြာသပတေးနေ့)
- ☐ ဥမ္မာဒန္တီပျို့မိတ်ဆက်
  - ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Digestive System of Rana tigrina
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၅-၆-၂၀၀၉ (သောကြာနေ့)
- ☐ Migration of Fishes
  - တတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Aquatic Biomes
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၆-၆-၂၀၀၉ (စနေနေ့)
- ☐ Absorption and Transport of water and minerals
  - ပထမနှစ် ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Thallus Organization of Algae
  - ပထမနှစ် ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ The Origin of Life
  - ပထမနှစ် ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Cell Division
  - ပထမနှစ် ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Botany as a Science
  - ပထမနှစ် ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Organ
  - ပထမနှစ် ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Plant Heredity
  - ပထမနှစ် ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၇-၆-၂၀၀၉ (တနင်္ဂနွေနေ့)
- ☐ စာစဉ်ဖြေဆိုနည်းလမ်းညွှန်
  - တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ စာစဉ်ဖြေဆိုနည်းလမ်းညွှန်
  - တတိယနှစ် မြန်မာမှုပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ စာစဉ်ဖြေဆိုနည်းလမ်းညွှန်
  - တတိယနှစ် ရသစာပေအရေးအသားအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Guidelines on answering Third year English Specialization
  - တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Some Practical Considerations in a work of Translation
  - တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Taxonomic Grammar and its Contributions to English Language Teaching
  - တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ☐ Shall I Compare thee to a Summer's Day? By William Shakespeare
  - တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ

တောင်တွင်းကြီး၌ စာကြည့်တိုက်အဆောက်အအုံသစ်များဖွင့် သုတ၊ ရသ မဂ္ဂဇင်းနှင့် ဂျာနယ်မျိုးစုံ ပေးအပ်လှူဒါန်း

တောင်တွင်းကြီး မေ ၂၅

တောင်တွင်းကြီးမြို့နယ် ပန်းသွင်းကြီးအုပ်စု ရွာတော်(တောင်)ကျေးရွာဥယျာဉ်မှူးစာကြည့်တိုက်၊ရွာတော်(မြောက်)ကျေးရွာ ပညာတန်ဆောင်စာကြည့်တိုက် အဆောက်အအုံသစ်များကို မေ၁၉ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဌေးအောင်၊ တောင်တွင်းကြီးမြို့နယ် ပုဏ္ဏဝတီမဂ္ဂဇင်းထုတ်ဝေရေးကော်မတီ အတွင်းရေးမှူး ဦးအောင်သက်နှင့် ကျေးရွာ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် စာရေးဆရာ တောင်တွင်းစိုးမိုးကျော်က စာဖတ်ခြင်း၏အကျိုးကျေးဇူး၊ တောင်တွင်းအောင်သက်ဦးက စာပေထဲကဗဟုသုတများနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးဇော်ဌေးအောင်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး အလှူရှင်၂၀တို့က ငွေကျပ် ၂၇၀၀၀၀ခန့် တန်ဖိုးရှိ သုတရသမဂ္ဂဇင်းနှင့် ဂျာနယ်မျိုးစုံ အုပ်၉၀၀တို့ကို ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျိုက်ထိုမြို့ ရွှေစင်လမ်း တံတားဆောက်လုပ်

ကျိုက်ထို မေ ၂၀

ကျိုက်ထိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ရွှေစင်လမ်း ကွန်ကရစ်တံတားဆောက်လုပ်ခြင်းလုပ်ငန်းကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးနေထက်ရှိန်နှင့်တာဝန်ခံ အင်ဂျင်နီယာ ဦးရဲလွင်တို့က ရှင်းလင်းတင်ပြကြသည်။ (မြို့နယ်စည်ပင်)

မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရွှေလမ်းမကြီးကတ္တရာခင်းဆောင်ရွက်မှုကို မေ ၁၁ရက်က ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်တာဝန်ခံအရာရှိ ဦးဇော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖြူးမြို့မဈေးကြီးအတွင်းရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မေ၁၀ရက်က ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးအောင်သန်းနှင့် ဈေးတာဝန်ခံတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ မှော်ဘီ၌ကျင်းပ

မှော်ဘီ မေ ၂၉

မှော်ဘီမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၀၉ခုနှစ် မိုးရာသီတစ်အိမ်ထောင်ကျွန်းသုံးပင်နှင့်ကျေးလက်အိမ်ရာထူထောင်ရေး ကျေးရွာပိုင်တစ်အုပ်တစ်မသစ်တောစိုက်ခင်း တစ်ဧက တည်ထောင်စိုက်ပျိုးပွဲကို မေ၂၅ရက်က မှော်ဘီမြို့နယ် သာယာကုန်းစံပြကျေးရွာ၌ ကျင်းပရာ အိမ်ထောင်စု၁၅၀အတွက် ကျွန်းပင် ၄၅၀၊ ကျေးရွာ သစ်တောစိုက်ခင်း တစ်ဧကအတွက် ယူကလစ်နှင့် မန်ဂျန်ရှားပင် ၅၄၀ကို ဌာနဆိုင်ရာနှင့် ကျေးရွာ ပြည်သူများ စုပေါင်းစိုက်ပျိုးကြသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လမ်းဘေးဝဲယာနှင့် အဝိုင်းများ၊ တြိဂံများတွင် ပန်းအလှပင်များ ရွှေ့ပြောင်းစိုက်ပျိုးခြင်း၊မြေယာရှုခင်းများ အလှဆင်ခြင်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသန့်ဇင်နှင့် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာသို့ ခေတ္တအမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)



သက်ကြီးပူဇော်ပွဲ ရေးမြို့၌ကျင်းပ

ရေး မေ ၂၂

ရေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကျင်းပသော သက်ကြီးရွယ်အိုများအား ပူဇော်ပွဲအခမ်းအနားကို ဧပြီ ၁၇ရက် မွန်းလွဲ ၁နာရီကမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ချိုထွန်းအောင်နှင့် ဇနီးဒေါ်နန်းယဉ်မေဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ၈၅နှစ်အထက် ဘိုးဘွား၉၁ဦးတို့အား ကန်တော့ကြပြီး လှူဖွယ်ငွေနှင့် ပစ္စည်းများကို ဗိုလ်မှူးချုပ်ချိုထွန်းအောင်နှင့် ဇနီးဒေါ်နန်းယဉ်မေဝင်းတို့က ပေးအပ်လှူဒါန်းသည်။ ထို့နောက် မြို့နယ် ဥက္ကဋ္ဌဦးသိန်းဇော်နှင့်ဇနီးဒေါ်ခင်မို့မို့ထွန်း၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်ဥက္ကဋ္ဌများက ဘိုးဘွားများအား ပစ္စည်းများပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါခေါ်ရက်	တင်ဒါပိတ်ရက်
1.	Girth Gear With Casing, Drive Pinion Assembly For Raw Mill No.3	1 Set	27-5-2009	13-7-2009
2.	Chain And Chain Sproket	1 Lot	27-5-2009	13-7-2009
3.	Steel Lining Plate And Accessories	1 Lot	27-5-2009	13-7-2009
4.	Kiln Hanging Chain	1 Lot	27-5-2009	13-7-2009
5.	Steel Products	1 Lot	27-5-2009	13-7-2009
6.	Heavy Equipment Spare	1 Lot	27-5-2009	13-7-2009
7.	Spare Parts For Air Compressor	1 Lot	27-5-2009	13-7-2009
8.	Electrical Accessories For Glass Factory And Refactory Brick Factory	1 Lot	27-5-2009	13-7-2009
9.	Spare Parts For Production Machinary And Electrical Equipment For Refactory Brick Factory (Kyaukse)	1 Lot	2-5-2009	13-7-2009
10.	X-Ray Spectrometer	1 Unit	27-5-2009	13-7-2009
11.	High Speed Agitator For Caly Washing (700)rpms	2 Sets	27-5-2009	13-7-2009
12.	Agitator For Wash Clay	1 Unit	27-5-2009	13-7-2009
13.	High Speed Agitator For Under Groung Tank (285)rpm	4 Sets	27-5-2009	13-7-2009
14.	Conveyor Line For Carrying of Extruding Body	1 Set	27-5-2009	13-7-2009
15.	Steel Tank With Agitator For Glaze	2 Sets	27-5-2009	13-7-2009
16.	Flat Belt Conveyor Line For Finished Product	1 Set	27-5-2009	13-7-2009
17.	Agitator For Overhead Slip Tank	1 Set	27-5-2009	13-7-2009
18.	Lubricant	9 Items	27-5-2009	15-6-2009

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ရောင်းဝယ်ရေးဌာန ရုံးအမှတ်(၄၁)နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများလာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံ တရားဝင်ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

(အသေးစိတ်သိလိုပါက စုံစမ်းရန် တယ်လီဖုန်းအမှတ်-၀၆၇-၄၀၈၂၉၈)

မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း။

၁/၂၀၀၉-၂၀၁၀ ဓာတ်မြေဩဇာတင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ စက်မှုကုန်ကြမ်းစီမံရေး၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် ၁၆း၁၆း၈ ကွန်ပေါင်းဓာတ်မြေဩဇာ ၁၂၅၀၀၀ ကေဂျီအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူရန် ချိပ်ပိတ်တင်ဒါခေါ်ယူပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပိတ်ရက်နှင့်အချိန် - ၁၀-၆-၂၀၀၉ရက်၊ ၁၆း၀၀နာရီ

၃။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်းနံပါတ်-၀၆၇-၄၀၈၁၅၆၊ ၀၆၇-၄၀၈၂၁၃၊ စက်မှုကုန်ကြမ်းစီမံရေးဌာန၊ မြန်မာ့အထည်လိပ်လုပ်ငန်း။

ကုက္ကိုင်းရေကူးအသင်း ၂၀၀၈-၂၀၀၉ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ဖိတ်ကြားလွှာ

ကုက္ကိုင်းရေကူးအသင်း၏ ၂၀၀၈-၂၀၀၉ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် (က) အသင်းဝင်တိုင်း မပျက်မကွက် ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

နေ့ရက် - ၂၁-၆-၂၀၀၉ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉း၀၀နာရီ
နေရာ - အသင်းခန်းမ

အမှုဆောင်ကော်မတီ၏ ၂၀၀၈-၂၀၀၉ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်းပါ အချက်အလက်များနှင့် အခြားအကြံပြု ဆွေးနွေးလိုသော အချက်များကို ၁၄-၆-၂၀၀၉ရက်(တနင်္ဂနွေနေ့) ညနေ ၄း၀၀နာရီ နောက်ဆုံးထား၍ အသင်းရုံးသို့ စာဖြင့်ကြိုတင်ရေးသားပေးပို့နိုင်ပါသည်။

အထူးအစီအစဉ် ။ ။ အသင်းဝင်တိုင်းအား နေ့လယ်စာဖြင့် ဧည့်ခံပြီး မေတ္တာလက်ဆောင် ကံစမ်းမဲဖွင့်လှစ်ပါမည်။

အမှုဆောင်ကော်မတီ
ကုက္ကိုင်းရေကူးအသင်း။

အောင်လက်မှတ်သင်တန်း ပုံမှန်သင်တန်းရော၊ အဝေးသင် သင်တန်းပါ ဖွင့်ပြီ။

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံ (I.I.A.) က ဗုဒ္ဓအဘိဓမ္မာကျမ်းရင်းများကို အင်္ဂလိပ်ဘာသာဖြင့် အများပြည်သူအကျိုးငှာ သင်ကြားပေးမည်။

သင်တန်းရက် ။ ။ ၂၀၀၉ခုနှစ်၊ ဆောင်းရာသီ
သင်တန်းနေ့ ။ ။ စနေနေ့နှင့် တနင်္ဂနွေနေ့တိုင်း။
သင်တန်းချိန် ။ ။ နံနက်ပိုင်း ၇း၀၀နာရီမှ ၉း၀၀နာရီအထိ၊ မွန်းလွဲပိုင်း ၁၃း၀၀နာရီမှ ၁၇း၀၀နာရီအထိ။
သင်တန်းနေရာနှင့် ။ ။ I.I.A.Campus II ၊ ကမ္ဘာအေးစေတီဝင်းအတွင်း။
လျှောက်လွှာတင်သွင်းရန်ဌာန

အမည်ပြောင်း အဖ ဦးညီညီမြင့်၏သမီး Grade(5)B မှ မသဲနန္ဒာစိုးအား မခိုင်မြင့်မြတ်လွင်ဟု ပြောင်းလဲခေါ်ပါရန်။
မခိုင်မြင့်မြတ်လွင်။

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗိုလ်ရှင်းရေအိုးစင်(ကွက်သစ်)ရပ်ကွက်၊ အောင်တေဇလမ်း၊ အမှတ်-၁၂၃/အေ၊ ဒုတိယထပ် (သုံးလွှာ)၊ ဝဲဘက်ခြမ်း(ခေါင်းရင်းခန်း)နှင့် ပတ်သက်၍

အများသိစေရန်ကြေညာခြင်း

အထက်ခေါင်းစဉ်ပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အားလုံးကို ဒေါ်မေသူခိုင်(ခ) ဒေါ်ခိုင်ဆုဝေ ၁၃/တကန(နိုင်)၀၈၄၉၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေဝယ်ယူထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်ဦး (LL.B)
အထက်တန်းရှေ့နေ
အမှတ်-၅၆၁၊ ပ-ထပ်၊ M.A.C တာဝါ၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

လယ်မြေဧက ၈၀၀၀ ကို ဆည်ရေပေးဝေနိုင်မည့် မဒန်းရေလှောင်တမံ နေပြည်တော်လယ်ဝေး၌ တည်ဆောက်ဖွင့်လှစ်

ဒေသစိမ်းလန်းစိုပြည်ရေးနှင့် နွေစပါး၊ မိုးစပါး တိုးချဲ့စိုက်ပျိုးနိုင်မည်

နေပြည်တော် မေ ၃၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် နေပြည်တော်လယ်ဝေးမြို့နယ် နန္ဒင်းကျင်း ကျေးရွာအနီးရှိ မဒန်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါရေလှောင်တမံ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။ စာမျက်နှာ ၈ ကော်လံ ၁ ●

နေပြည်တော်လယ်ဝေးရှိ အလျား ၈၃၀၅ ပေ(တစ်မိုင်ခွဲကျော်) အမြင့် ၁၀၁ ပေရှိ မဒန်းရေလှောင်တမံ၏ ပင်မတမံကို ဤသို့ အခိုင်အမာ တည်ဆောက်ခဲ့သည်။ (မြန်မာ့အလင်း)

သတင်းခရီးသည်	-	ကျော်စိန်
ဓာတ်ပုံမှတ်တမ်း	-	အောင်သန်း (မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု	-	မာမာစိုး (မြန်မာ့အလင်း)

မဒန်းရေလှောင်တမံ တည်ဆောက်မှုမြင်ကွင်း

မဒန်းရေလှောင်တမံ၏ ရေထိန်းမျှော်စင်ကို ဤသို့ တည်ဆောက်ထားသည်။ (မြန်မာ့အလင်း)

ရန်ကုန် မေ ၃၀

နေပြည်တော်လယ်ဝေးမှ မော်တော်ယာဉ်ဖြင့် ထွက်ခွာသည်နှင့် ကားလမ်းတစ်ဖက်တစ်ချက်၌ လယ်ကွက်များကို တစ်မျှော်တစ်ခေါ် မြင်တွေ့ရသည်။ လယ်ကွက်များ၊ ကျေးရွာများကို ဖြတ်သန်းမောင်းနှင်ပြီးနောက် နန္ဒင်းကျင်းကျေးရွာသို့ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိခဲ့ကြသည်။

အခိုင်အမာ

နန္ဒင်းကျင်းကျေးရွာအနီးရှိ မဒန်းချောင်းဘက် ဖြတ်ထွက်လိုက်သည်နှင့် မဒန်းရေလှောင်တမံကို ဘွားခနဲမြင်တွေ့လိုက်ရသည်။ မဒန်းချောင်းပေါ်တွင် မြေသားဖြင့် အခိုင်အမာပြုလုပ်ထားသည့် မဒန်းရေလှောင်တမံ....။

စတင်တည်ဆောက်

မဒန်းရေလှောင်တမံပေါ် ဖြတ်လျှောက်စဉ် "ဒီရေလှောင်တမံကို ၂၀၀၃-၂၀၀၄ ခုနှစ်အတွင်းက စတင်တည်ဆောက်ခဲ့တာဖြစ်ပြီး အခုဆိုရင် ရာနှုန်းပြည့်ပြီးစီးသလောက် ဖြစ်နေပါပြီ။ စီမံကိန်းစတင်တဲ့အချိန်က လမ်းတွေ၊ ရေဆင်းပြွန်တွေနဲ့ တံတားတွေ ဆောက်လုပ်ခဲ့ရတယ်။ နေပြည်တော် အမြန်လမ်းမကြီးကနေ ၃၄ မိုင်လောက်ဝေးတယ်။ အခုတော့ လမ်းဘေးဝဲယာမှာ ရွာလေးအချို့တောင် စာမျက်နှာ ၉ ကော်လံ ၁ ✻

မြန်မာ့အလင်း
အင်တာနက်
ကျန်းမာရေး

ကိုယ်ဝန်ဆောင်စဉ် အပေါ့စား ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်လျှင် မွေးဖွားလာသည့်ရင်သွေး၏ ဦးနှောက်ဉာဏ်ရည် ဖွံ့ဖြိုးနိုင်ဟုဆို

ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း အပေါ့စား ကိုယ်လက်လေ့ကျင့်ခန်းနေ့စဉ် ပုံမှန်ပြုလုပ်သွားပါက မွေးဖွားလာသော ရင်သွေးငယ်သည် ကျန်းမာရေးကောင်းမွန်ပြီး ဦးနှောက်ဉာဏ်ရည် ပိုမိုဖွံ့ဖြိုးမှုဖြစ်စေကြောင်း ဩစတြေးလျဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

လေ့ကျင့်ခန်း

ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် နံနက်အိပ်ရာထပြီးချိန်တွင် လေဝင်လေထွက်ကောင်းသောနေရာ၌ အပေါ့စား ကိုယ်လက်လေ့ကျင့်ခန်းကို အနည်းဆုံးမိနစ် ၂၀ ခန့် ဖြည်းဖြည်းချင်းပြုလုပ်သွားပါက သားသမီးမွေးဖွားသည့်အခါ အခက်အခဲမရှိနိုင်ကြောင်း သိရသည်။

ပုံမှန်ပြုလုပ်

ထို့အပြင် သန္ဓေသားနှင့် ဆက်စပ်နေသည့် သွေးကြောများနှင့် သားအိမ်တို့ကိုလည်း အကျိုးသက်ရောက်မှုရှိကြောင်း၊ ကိုယ်လက်လှုပ်ရှားမှုကို စနစ်တကျပုံမှန် ပြုလုပ်ပေးပါက ကိုယ်ဝန်ဆောင်များ သွေးပေါင်ချိန်မြင့်မှု လျော့ကျစေနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

ကျဆင်းစေ

တစ်ဖန် ဆီးချိုသွေးချိုရောဂါရှိသော ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုယ်လက်လှုပ်ရှားမှုကြောင့် သွေးချိုဆီးချို ကျဆင်းစေနိုင်ကြောင်း ဩစတြေးလျဆေးသိပ္ပံ ပညာရှင်များက ပြောကြားသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်

(၃၀-၅-၂၀၀၉)

နေပြည်တော်	၁ ဒသမ ၀၂ လက်မ
ရန်ကုန်	၃ ဒသမ ၂၇ လက်မ
ပြင်ဦးလွင်	၃ ဒသမ ၁၁ လက်မ
ဟဲဟိုး	၂ ဒသမ ၄၀ လက်မ
မောင်တော	၂ ဒသမ ၃၆ လက်မ
တောင်ကြီး	၂ ဒသမ ၀၅ လက်မ